# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက် | ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၁၅ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၁)၊ အမှတ် (၃၄၅)




## မဝေးသည့်ခရီး နီးသည်ထက် နီးစေ

ဆောင်းပါး စာ - ၆၊၇၊၈

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အပြည်ပြည်ဆိုင်ရာလေဆိပ် မှ Test Kit ၁၈၂၄ ခု တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူ သိရှိစေရန်ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

**ယနေ့ ဖတ်စရာ**

### မွန်ပြည်နယ်သည် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်အကောင်းဆုံး ပထမဆု ခုနစ်ကြိမ်၊ ဒုတိယဆု တစ်ကြိမ်၊ တတိယဆု နှစ်ကြိမ်ရရှိခဲ့

ပြည်တွင်းသတင်း စာ - ၃

### တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ ငြိမ်းချမ်းရေးဆွေးနွေးရန် နေပြည်တော်သို့ ရောက်ရှိ

ပြည်တွင်းသတင်း စာ - ၅

### မြန်မာ့စာတတ်မြောက်မှုနည်းလမ်းမှသည် ကမ္ဘာ့ကလေးများ အသက်ရှင်ရေးဆီသို့ . . .

ဆောင်းပါး စာ - ၁၆

## နေပြည်တော်အတွင်းရှိ ဈေးများတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းများ အခမဲ့ပေးဝေခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၄

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဈေးများတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ပြန့်ပွားမှုမရှိစေရေး ထိန်းချုပ်နိုင်စေရန်အတွက် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှ တာဝန်ရှိသူများက ဈေးသူ ဈေးသားများနှင့် ဈေးဝယ်လာသူများထံ နှာခေါင်းစည်းများတပ်ဆင်ရေး အခမဲ့ဖြန့်ဝေပေးခြင်း (Mask Campaign)၊ ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ နှာခေါင်းစည်းများကို စနစ်တကျဖြင့် လုံခြုံစွာတပ်ဆင်၍ ဈေးရောင်း/ ဈေးဝယ်ပြုလုပ်ကြရန် Hand Speakerများဖြင့် အသိပေးနှိုးဆော်ခြင်းများကို စက်တင်ဘာလ ဒုတိယပတ်မှစတင်၍ ဈေးများအလိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

သတင်းစဉ်



မြန်မာ့အလင်း

# ကိုဗစ် - ၁၉ စတုတ္ထလှိုင်း အမြန်ဆုံးထိန်းချုပ်ကာကွယ်

ဖွဲမီးကဲ့သို့ တငွေ့ငွေ့လောင်ကျွမ်းနေရာမှ မီးညွန့်မီးစွယ်ကလေး ထွက်လာသည့်နှယ်ပင် ကိုဗစ်-၁၉ ကပ်ရောဂါသည် မိမိတို့နိုင်ငံတွင် ကျဆင်းငြိမ်သက်သွားရာမှ ယခုတစ်ဖန် ပြန်လည်ခေါင်းထောင်စပြုလာနေသည်။ နေ့စဉ်ဓာတ်ခွဲအတည်ပြုလူနာတွေ့ရှိမှုနှုန်း တစ်ရာခိုင်နှုန်းအောက် ရောက်ရှိနေသည့် အခြေအနေမှ ယခုရက်ပိုင်းအတွင်း နှစ်ရာခိုင်နှုန်းအထက်၊ သုံးရာခိုင်နှုန်းအထက်သို့ ရောက်ရှိလာသည့်အပြင် ရောဂါကြောင့် သေဆုံးသူများလည်း ထွက်ပေါ်လာသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု အတက်အကျကိုလိုက်၍ လှိုင်းများသတ်မှတ်ထားရာ ပထမလှိုင်း (၂၃-၃-၂၀၂၀ မှ ၁၄-၈-၂၀၂၀ အထိ)တွင် ပိုးတွေ့သူ ၁၆၀၀ ၌ သေဆုံးသူ ခြောက်ဦး၊ ဒုတိယလှိုင်း(၁၅-၈-၂၀၂၀ မှ ၂၄-၅-၂၀၂၁ အထိ)တွင် ပိုးတွေ့သူ ၁၄၁၇၀၈ ဦး၌ သေဆုံးသူ ၃၂၁၀၊ တတိယလှိုင်း (၂၅-၅-၂၀၂၁ မှ ၂၇-၁-၂၀၂၂ အထိ)တွင် ပိုးတွေ့သူ ၃၉၁၃၆၃ ဦး၌ သေဆုံးသူ ၁၆၀၉၅ ဦးဖြင့် အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။ ယခု စတုတ္ထလှိုင်း (၂၈-၁-၂၀၂၂ မှ ၆-၉-၂၀၂၂ အထိ) တွင် ပိုးတွေ့သူ ၈၁၁၂၉ ဦး၌ သေဆုံးသူ ၁၃၂ ဦး ရှိနေသည်။ စတုတ္ထလှိုင်းသည် ပြီးခဲ့သည့် ဩဂုတ်လအတွင်းမှ စတင်ကာ ပိုးတွေ့နှုန်း ပြန်လည်မြင့်တက်လာခြင်းဖြစ်ပြီး ရောဂါကြောင့် သေဆုံးသူမှာလည်း ရက်အနည်းငယ်အတွင်း ၁၀ ဦးထက်မနည်း ရှိလာသည်။

စတုတ္ထလှိုင်းတွင် ကိုဗစ်-၁၉ ကပ်ရောဂါသည် မျိုးရိုးဗီဇပြောင်း အိုမီခရွန်၏ မျိုးကွဲများအနေဖြင့် အလွန်လျင်မြန်စွာ ကူးစက်ပျံ့နှံ့နေခြင်းဖြစ်သည်။ ရောဂါကူးစက်မှုနှင့် ရောဂါကြောင့် သေဆုံးမှုများကို လေ့လာဆန်းစစ်ရာတွင် ကနဦးတွေ့ရှိချက်အရ ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်း မရှိသူများမှာ လွန်စွာအန္တရာယ်မြင့်မားပြီး ကာကွယ်ဆေးကို တစ်ကြိမ်၊ အကြိမ်ပြည့်၊ ထပ်ဆောင်းစသည်ဖြင့် ထိုးနှံပြီးလျှင် ပြီးသလောက်ရောဂါကူးစက်ခံရမှုနှင့် သေဆုံးမှုအန္တရာယ်တို့လည်း တစ်ဆင့်ထက်တစ်ဆင့် လျော့နည်းကျဆင်းစေသည်။ သို့ဖြစ်ရာ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြခြင်းဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်မှုကို ခုခံကာကွယ်ကြစေလိုသည်။

ထို့အပြင် ဘတ်စ်ကား၊ မီးရထား၊ ရုံး၊ ကျောင်း၊ ဈေး၊ ဘာသာရေး စုပေါင်းဝတ်ပြုရာနေရာများ၊ ကားဂိတ်၊ လေဆိပ်၊ စက်ရုံ၊ အလုပ်ရုံများ စသည့်လူစုလူဝေးရှိရာ နေရာများမှတစ်ဆင့် ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန် လူတိုင်းပါးစပ်နှာခေါင်းစည်း တပ်ဆင်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေခြင်း၊ လက်ကို စနစ်တကျ မကြာခဏဆေးကြောခြင်း စသည်တို့အပါအဝင် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ မပျက်မကွက် လိုက်နာကျင့်သုံး ဆောင်ရွက်ကြခြင်းဖြင့် တစ်ကျော့ပြန် ခေါင်းထောင်လာသည့် ကိုဗစ်-၁၉ စတုတ္ထလှိုင်းကို အမြန်ဆုံး ထိန်းချုပ်ကာကွယ်နိုင်ကြပါစေကြောင်း။ ။


၂၀၂၂ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့
စက်တင်ဘာလ ၂၇ ရက်

UNWTO
World Tourism Organization

WORLD TOURISM DAY 2022
RETHINKING TOURISM 27 SEPTEMBER

"RETHINKING TOURISM"
"ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ ပြန်လည်ကြံဆဆောင်ရွက်စို့"


## ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)

ကြေညာချက်

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)တွင် အောက်ဖော်ပြပါအတိုင်း သင်တန်းများ ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | သင်တန်းနှစ် | ဖွင့်လှစ်မည့်နေ့ရက် |
|---|---|---|
| (က) | ဒုတိယနှစ်သင်တန်း (ပထမနှစ်ဝက်) | ၁၅-၉-၂၀၂၂ |
| (ခ) | တတိယနှစ်သင်တန်း (ပထမနှစ်ဝက်) | ၁၅-၉-၂၀၂၂ |
| (ဂ) | စတုတ္ထနှစ်သင်တန်း (ဒုတိယနှစ်ဝက်) | ၄-၁၀-၂၀၂၂ |

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၄**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မိုး/ဇလ

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ တိပိဋကာလင်္ကာရ သာမဏေကျော်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ လင်းလွန်းပင် ပရိယတ္တိစာသင်တိုက်၊ တောင်ဥက္ကလာပမြို့နယ်ရှိ မြင်သာမြို့ဦးကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ အောင်ရာဇာပရိယတ္တိစာသင်တိုက်၊ လှိုင်မြို့နယ်ရှိ ရွာမကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ နမ့်ချပ်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ မောင်းထောင်ကျောင်း ပရိယတ္တိစာသင်တိုက် **(အပေါ်ပုံ)**တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ ဇောတိကာရုံပါဠိတက္ကသိုလ်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိမဟာပညိန္ဒာရာမကျောင်းတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ မိုးကုတ်ရိပ်သာ(မြောက်) ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ တောင်ပေါ်ကြွစ္ဆာသယ ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ငွေကြာရုံ ပရိယတ္တိစာသင်တိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်အပ်နံ ကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ မြို့လယ်ကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

သတင်းစဉ်

## နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၁၄**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဝါတွင်းကာလ ဝါဆိုသံဃာတော်များ ဆွမ်းကွမ်း အခက်အခဲမရှိစေရန်အတွက် တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ထားဝယ်) ကွပ်ကဲမှုအောက်ရှိ ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများက ယမန်နေ့နံနက်ပိုင်းတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ဘုတ်ပြင်းမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဘိုဘိုကျော်နှင့် တာဝန်ရှိသူများက ဓမ္မအလင်းရောင်ကျောင်းတိုက်ရှိ သံဃာတော်များ၊ စာသင်သားသာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲတို့ကို သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြသည်။ နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီး ခရိုင်/မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများနှင့် အခြားဘာသာရေးကျောင်းများသို့လည်း ဆွမ်းကိစ္စရပ်များ အဆင်ပြေရန် ရည်ရွယ်၍ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများအား ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။



သတင်းစဉ်

# (၅၄) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများ စတင်ကျင်းပ

နေပြည်တော် စက်တင်ဘာ ၁၄

ကမ္ဘောဒီးယားနိုင်ငံ ဆီရမ်ရိမ့်မြို့တွင် ကျင်းပသည့် (၅၄) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာနိုင်ငံ၏ အာဆီယံစီးပွားရေး ဝန်ကြီးဖြစ်သူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

### အဖွင့်အမှာစကားပြောကြား

အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ကျင်းပရာ ကမ္ဘောဒီးယားဝန်ကြီးချုပ် H.E. Samdech Akka Moha Sena Padei Techo HUN SEN တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားပြီး ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E. Pan Sorasak က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။ ပြည်ထောင်စုဝန်ကြီးသည် ဖွင့်ပွဲအခမ်းအနား မစတင်မီ ကမ္ဘောဒီးယားဝန်ကြီးချုပ်က အာဆီယံစီးပွားရေးဝန်ကြီးများကို တွေ့ဆုံသည့် အခမ်းအနားသို့လည်း တက်ရောက်သည်။

ထို့နောက် (၅၄) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဆက်လက်ကျင်းပရာ (၃၆) ကြိမ်မြောက် လွတ်လပ်သောကုန်သွယ်မှု ဒေသကောင်စီအစည်းအဝေးကို နံနက် ၁၀ နာရီတွင် စတင်ကျင်းပသည်။ အစည်းအဝေးတွင် ဝန်ကြီးများက အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ဆွေးနွေးပြီး ဒေသတွင်းကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေး ပိုမိုချဲ့ထွင်နိုင်ရန်အတွက် အာဆီယံကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် အဆင့်မြှင့်တင်ရေးအတွက် ကြိုတင်ပြင်ဆင်ရန် ကိစ္စရပ်များကို မှာကြားခဲ့သည်။ ထို့အပြင် အဖွဲ့ဝင်နိုင်ငံများအကြား အာဆီယံပြတင်းတစ်ပေါက်စနစ်ကို ပြည့်ပြည့်ဝဝ အသုံးချ၍ အီလက်ထရွန်နစ်စနစ်ဖြင့် အကောက်ခွန်သက်သာခွင့်လျှောက်ထားသည့် ပင်ရင်းသက်သေခံလက်မှတ်များ လဲလှယ်ရေးကိစ္စများအပေါ် ဝန်ကြီးများက တိုက်တွန်းမှာကြားသည်။

အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသ အကောင်အထည်ဖော်မှုအခြေအနေ၊ နိုင်ငံအဆင့် အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူများ အစီအစဉ်ဆောင်ရွက်နေမှုနှင့် အကောက်ခွန်ပေါင်းစည်းမှုဆိုင်ရာ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို ဆွေးနွေးခဲ့သည်။

### အတည်ပြုခဲ့ကြ

ဆက်လက်၍ (၂၅) ကြိမ်မြောက် ရင်းနှီးမြှုပ်နှံမှုဒေသကောင်စီအစည်းအဝေးကို ကျင်းပရာ ဝန်ကြီးများက အာဆီယံဘက်စုံ ရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး အာဆီယံရင်းနှီးမြှုပ်နှံမှု အစီရင်ခံစာ (၂၀၂၂) ထုတ်ဝေမှုအပေါ် ကြိုဆိုခဲ့ကြသည်။ ထို့ပြင် အဆင့်မြင့်စီးပွားရေးအရာရှိများက ဝန်ကြီးများထံ တင်ပြသည့် အစီရင်ခံစာနှင့် ၂၀၂၂ ခုနှစ် အာဆီယံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆွေးနွေးပွဲကာလတွင်း ပြုလုပ်မည့် အာဆီယံရင်းနှီးမြှုပ်နှံမှုခရီးစဉ်အတွက် ကြိုတင်ပြင်ဆင်မှုများအပေါ် မှတ်တမ်းတင်ခဲ့ကြပြီး အာဆီယံရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကဲဖြတ်သုံးသပ်မှုအစီရင်ခံစာ (၂၀၂၂) (ASEAN Investment Peer Review Report 2022) ကို အတည်ပြုခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေစဉ်အတွင်း ဒေသတွင်းရင်းနှီးမြှုပ်နှံမှုများ ဖြေလျှော့ပေးရန် ပြင်ဆင်ဆောင်ရွက်မှုများနှင့် ကပ်ရောဂါအလွန် ဒေသတွင်း အလားအလာရှိသည့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

### ပိုမိုပူးပေါင်းဆောင်ရွက်

မွန်းလွဲပိုင်းတွင် စီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေး အကြံပေးကောင်စီတို့၏ ဆွေးနွေးပွဲတွင် အာဆီယံစီးပွားရေးဝန်ကြီးများနှင့်အတူ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးအကြံပေးကောင်စီအဖွဲ့ဝင်များ ပါဝင်တက်ရောက်ခဲ့ကြသည်။ အဆိုပါ ဆွေးနွေးပွဲတွင် အာဆီယံစီးပွားရေးအကြံပေးကောင်စီက ၂၀၂၂ ခုနှစ်အတွင်း ပုဂ္ဂလိကကဏ္ဍက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို တင်ပြခဲ့ရာ ဝန်ကြီးများက အနာဂတ်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများတွင် ပုဂ္ဂလိကအခန်းကဏ္ဍက ပိုမိုပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ပြောကြားသည်။

ညနေပိုင်းတွင် (၅၄) ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပခဲ့ရာ ဝန်ကြီးများက ကမ္ဘောဒီးယားနိုင်ငံ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူနေသည့် ၂၀၂၂ ခုနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးဆိုင်ရာဦးစားပေးလုပ်ငန်းများ၏ အကောင်အထည်ဖော်မှုအခြေအနေများကို မှတ်တမ်းတင်ခဲ့ကြသည်။ ထို့နောက် ဝန်ကြီးများက ရေကြောင်းသယ်ယူပို့ဆောင်ရေးတွင် ကုန်သေတ္တာများသုံးစွဲရာ၌ စီမံခန့်ခွဲမှုတိုးတက်စေရေး၊ လေ့လာမှု၏ရလဒ်များအပေါ် မူဝါဒဆိုင်ရာအကြံပြုချက်များနှင့် လမ်းညွှန်ချက်များ ပေးခဲ့ကြသည်။ ထို့အပြင် ဝန်ကြီးများက ယှဉ်ပြိုင်မှုဆိုင်ရာ အာဆီယံမူဘောင် သဘောတူစာချုပ်အတွက် စေ့စပ်ညှိနှိုင်းမှုများ စတင်ကြောင်း ကြေညာသည်။ ပြည်ထောင်စုဝန်ကြီးက ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများ အကောင်အထည်ဖော်မှုအပေါ် မြန်မာနိုင်ငံက ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးသည်။




စက်တင်ဘာ ၁၃ ရက် ညပိုင်းတွင်လည်း အာဆီယံစီးပွားရေးဝန်ကြီးများ၏ အလုပ်သဘောညစာစားပွဲကို ကျင်းပခဲ့ပြီး နိုင်ငံအလိုက် ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ဆောင်ရွက်လျက်ရှိသည့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် အာဆီယံဘက်စုံပြန်လည်ထူထောင်ရေးမူဘောင် အကောင်အထည်ဖော်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါအစည်းအဝေးများတွင် ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E. Pan Sorasak၊ ဝန်ကြီးချုပ်ရုံးတွဲဖက်ဝန်ကြီးနှင့် ဖွံ့ဖြိုးမှုကောင်စီအတွင်းရေးမှူးချုပ် H.E. Sok Chenda Sophea၊ ဝန်ကြီးချုပ်ရုံးတွဲဖက်ဝန်ကြီးနှင့် စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E.Vongsey Vissoth တို့က သဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးဝန်ကြီးများ၊ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသကောင်စီဝန်ကြီးများ၊ အာဆီယံရင်းနှီးမြှုပ်နှံမှုဒေသကောင်စီဝန်ကြီးများ၊ အာဆီယံအဆင့်မြင့်စီးပွားရေး အရာရှိများ၊ အာဆီယံ စီးပွားရေးအကြံပေးကောင်စီအဖွဲ့ဝင်များ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်သည်။ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးဦးသစ်လင်းအုန်း၊ အာဆီယံအဆင့်မြင့်စီးပွားရေးအရာရှိ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မာလာမျိုးညွန့်နှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ရှိ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

### ဆက်လက်ကျင်းပမည်

(၅၄) ကြိမ်မြောက် အာဆီယံစီးပွားရေး ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို စက်တင်ဘာ ၁၈ ရက်အထိ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မွန်ပြည်နယ်သည် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်အကောင်းဆုံး ပထမဆု ခုနစ်ကြိမ်၊ ဒုတိယဆု တစ်ကြိမ်၊ တတိယဆု နှစ်ကြိမ်ရရှိခဲ့

မော်လမြိုင် စက်တင်ဘာ ၁၄

မွန်ပြည်နယ်သည် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ခြောက်ဘာသာ ဂုဏ်ထူးရှင် ၁၈ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၆၆ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၀၂ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၃၅ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၃၄၆ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၂၀၁၄ ဦး စုစုပေါင်း ၂၇၈၄ ဦး ထူးချွန်စွာ အောင်မြင်ခဲ့ကြပြီး တစ်နိုင်ငံလုံးအနေဖြင့် ၅၇ ဒသမ ၂၁ ရာခိုင်နှုန်းဖြင့် အောင်ချက်အကောင်းဆုံး ပထမဆုရရှိကာ ၂၀၁၀- ၂၀၁၁ ပညာသင်နှစ်မှ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အထိ အောင်ချက်အကောင်းဆုံး ပထမဆု ခုနစ်ကြိမ်၊ ဒုတိယဆု တစ်ကြိမ်၊ တတိယဆု နှစ်ကြိမ်ရရှိခဲ့ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ပညာသင်နှစ် မွန်ပြည်နယ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက အဖွင့်မိန့်ခွန်းပြောကြားရာတွင် ထိုသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်သည် နှစ်စဉ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားသည့် ပြည်နယ်တစ်ခု ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများကို အခြေခံပညာအဆင့်မှစ၍ လေ့ကျင့်ပြုစု ပျိုးထောင်ပေးမှသာ တက္ကသိုလ်ဝင်စာမေးပွဲတွင် အခက်အခဲမရှိ ဖြေဆိုနိုင်ကြပြီး အောင်ချက် မြင့်မားလာမည်ဖြစ်ကြောင်း၊ဘက်စုံကဏ္ဍစုံမှ ဝိုင်းဝန်းကူညီပံ့ပိုးပေးရန် လိုအပ်ပြီး အောင်ချက်မြင့်မားရေးအတွက် မြို့နယ်အလိုက် ဆောင်ရွက်မည့် လုပ်ငန်းများ၊ ပံ့ပိုးစီမံစစ်ဆေးကြီးကြပ်မည့် အစီအစဉ်များကို စီမံချက် စနစ်တကျရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ဆရာ ဆရာမများအပါအဝင် ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

အလုပ်ရုံ ဆွေးနွေးပွဲတွင် မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်မြတ်ကျော်စိန် က တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး အောင်ချက် မြင့်မားရေးအတွက် စီမံခန့်ခွဲသူများနှင့် ကျောင်းအုပ်ကြီးများ၏ အခန်းကဏ္ဍ၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် မြို့နယ်ပညာရေးမှူးများ အခန်းကဏ္ဍ၊ တက္ကသိုလ်ဝင်တန်းနှင့် ပတ်သက်၍ သင်ကြားပို့ချနေသည့် ဆရာ ဆရာမများ၏ ကြုံတွေ့ရသည့် အခက်အခဲများနှင့် ဖြေရှင်းဆောင်ရွက်ရမည့် နည်းလမ်းများ၊ အရည်အချင်း ပြည့်ဝ၍ ဘက်စုံထူးချွန်သည့် ကျောင်းသား ကျောင်းသူများ ဖြစ်လာစေရေးအတွက် လေ့ကျင့်ဆောင်ရွက်ပေးရမည့် နည်းလမ်းများနှင့် ပတ်သက်၍ အစည်းအဝေး တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။



ဆွေးနွေးပွဲသို့ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးညီညီစိုး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတကာစာရင်းကိုင်စနစ်ဖြစ်သည့် IPSAS ကို လိုက်နာဆောင်ရွက်ခြင်းဖြင့် အရအသုံးခန့်မှန်းခြေငွေစာရင်းများ စိစစ်ရာတွင် ပိုမိုပြည့်စုံဆောင်ရွက်နိုင်မည်





**နေပြည်တော် စက်တင်ဘာ ၁၄**
အစိုးရကဏ္ဍအတွက် နိုင်ငံတကာ ကျင့်သုံးမည့် ဘဏ္ဍာရေးရှင်းတမ်းပုံစံများနှင့် ကိုက်ညီစေရန်၊ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးအစီရင်ခံစာများ ပိုမိုတိုးတက်ဖွံ့ဖြိုးလာစေရန်နှင့် စာရင်းကိုင်စနစ် ပိုမိုတိုးတက်ကောင်းမွန်စေရန်တို့အတွက် ရည်ရွယ်၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးတို့က ပူးပေါင်းဖွင့်လှစ်သည့် နိုင်ငံပိုင်ကဏ္ဍအတွက် နိုင်ငံတကာ စာရင်းစံများ၊ ငွေသားအခြေခံအပိုင်း (၁) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**ဘဏ္ဍာရေးရှင်းတမ်းကို ရေးဆွဲတင်ပြ**

ယခုသင်တန်းတွင် ပို့ချပေးခဲ့သော နိုင်ငံတကာ စာရင်းကိုင်စနစ်ဖြစ်သည့် IPSAS ကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ရသုံးခန့်မှန်းခြေစာရင်းနှင့် အမှန်စာရင်းနှိုင်းယှဉ်တင်ပြရာတွင် ရှင်းလင်းချက် (Disclosure Notes) များအား ပိုမိုအသေးစိတ်ရေးသားနိုင်ပြီး၊ ပြည့်စုံပြီး ပွင့်လင်းမြင်သာမှုရှိသည့် ဘဏ္ဍာရေးရှင်းတမ်းကို ရေးဆွဲတင်ပြနိုင်မည်ဖြစ်သည်။ ထို့ပြင် IPSAS ကို အပြည့်အဝ လိုက်နာကျင့်သုံးခြင်းဖြင့် ရရန်ပိုင်ခွင့် (Assets) နှင့် ပေးရန်တာဝန်များ (Liabilities)၊ ရရန်ရှိ/ပေးရန်ရှိ စာရင်း (receivable/payable) များကိုပါ ပြုစုနိုင်မည်ဖြစ်၍ အရအသုံး ခန့်မှန်းခြေငွေစာရင်းများ စိစစ်ရာတွင် ပိုမိုပြည့်စုံခိုင်မာသောအချက်အလက်များ ရရှိဆောင်ရွက်နိုင်မည်ဖြစ်သည်။

ထို့အပြင် ဘတ်ဂျက်အကောင်အထည်ဖော်မှုနှင့် အစီရင်ခံတင်ပြမှု (Effective Budget Execution and Financial Report) ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်မည် ဖြစ်သည့်အပြင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ စာရင်းပေါင်းချုပ်နှင့် အကောင်အထည်ဖော်မှုအား စောင့်ကြည့်အစီရင်ခံတင်ပြရာတွင် ပေါင်းစည်းဘဏ္ဍာရေးရှင်းတမ်းများ (Consolidated Financial Statements) ရေးဆွဲခြင်းနှင့် ဘဏ္ဍာရေးအစီရင်ခံစာတင်ပြခြင်းတို့၌ နိုင်ငံတကာက ကျင့်သုံးဆောင်ရွက်နေသည့် IPSAS, Cash-Basis စနစ်ဖြင့် ဆောင်ရွက်နိုင်မည့် အကျိုးရလဒ်များ ရရှိမည်ဖြစ်သည်။

သင်တန်းဆင်းပွဲအခမ်းအနားသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦး၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဒေါ်သန်းသန်းလင်း၊ ဌာနအကြီးအကဲများ၊ သင်တန်းနည်းပြများ၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် ငွေတိုက်ဦးစီးဌာနတို့မှ သင်တန်းသားသင်တန်းသူများ တက်ရောက်ကြပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးတို့က အမှာစကားများ ပြောကြားခဲ့ကြသည်။

**သင်တန်းဆင်းလက်မှတ်များပေးအပ်**

သင်တန်းကာလမှာ ရက်သတ္တပတ် ၁၄ ပတ်ကြာမြင့်ပြီး သင်တန်းသား သင်တန်းသူ ၁၀၀ တက်ရောက်ခဲ့ကြသည်။ သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးတို့က ဆုများချီးမြှင့်ကြပြီး ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အခြေခံပညာကျောင်းပေါင်းစုံ အသက် (၁၈) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ပဲခူး စက်တင်ဘာ ၁၄**
ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ၂၀၂၂ခုနှစ် အခြေခံပညာကျောင်းပေါင်းစုံ အသက် (၁၈) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် ပဲခူးမြို့ ဥဿာမြို့သစ်ရှိ ပဲခူးခရိုင် ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ပဲခူးခရိုင်အသင်းနှင့် ညောင်လေးပင်ခရိုင်အသင်းတို့ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားကြရာ ပဲခူးခရိုင် အသင်းက ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်း အခမ်းအနား ကျင်းပရာ အစိုးရအဖွဲ့ တာဝန်ရှိသူများက ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဂိုးသမားဆု၊ နောက်တန်း အကောင်းဆုံး အားကစားသမားဆု၊ အလယ်တန်းအကောင်းဆုံး အားကစားသမားဆု၊ ရှေ့တန်း အကောင်းဆုံး အားကစားသမားဆုနှင့် အကောင်းဆုံးအားကစားသမားဆုရရှိသူများကို ဆုတံဆိပ်နှင့် ငွေသားဆု တစ်သိန်းကျပ်စီကိုလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးနှင့် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးတို့ကပူးတွဲ (တတိယ) ဆုရရှိသော နတ္တလင်းခရိုင် အသင်းနှင့် သာယာဝတီခရိုင် အသင်းတို့ကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆု ငါးသိန်းကျပ်စီကိုလည်းကောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က ဒုတိယဆုရရှိသော ညောင်လေးပင်ခရိုင် အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ကျပ် ခုနစ်သိန်းကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပထမဆုရရှိသော ပဲခူးခရိုင် အသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ တံခွန်စိုက် ဆုဖလားနှင့် ငွေသားဆုကျပ် ၁၀ သိန်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။




ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ၂၀၂၂ ခုနှစ် အခြေခံပညာကျောင်းပေါင်းစုံ အသက် (၁၈) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို တိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခြောက်ခရိုင်မှ အသင်းခြောက်သင်းတို့က အုပ်စုပတ်လည်အဖြစ် ပြည်မြို့ဘောလုံးအားကစားကွင်း၊ ပဲခူးမြို့ အမှတ် (၅) အခြေခံပညာ အထက်တန်းကျောင်းဘောလုံးအားကစားကွင်းနှင့် ပဲခူးခရိုင် ဘောလုံးအားကစားကွင်းများ၌ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၈)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သံတွဲမြို့၌ စုပေါင်းသွေးလှူဒါန်း

**သံတွဲ စက်တင်ဘာ ၁၄**
(၇၈) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သံတွဲခရိုင် ရဲတပ်ဖွဲ့မှ ကြီးမှူး၍ စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့ နံနက် ၉ နာရီက သံတွဲခရိုင် ပြည်သူ့ဆေးရုံ သွေးလှူဌာန၌ ကျင်းပသည်။



အဆိုပါ သွေးလှူဒါန်းရာတွင် ခရိုင်/မြို့နယ်နှင့် ရဲတပ်ရင်းတပ်ဖွဲ့များမှ တပ်ဖွဲ့ဝင် ၂၀ က သွေးအလုံး ၂၀ ကို စုပေါင်းလှူဒါန်းကြရာ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းဦးစီးချုပ် ဗိုလ်မှူးချုပ် ကျော်ကျော်သန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး သန်းကျော်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဗိုလ်မှူး အောင်မျိုးသက်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်မျိုးနိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး အာဟာရဖြည့် အစားအစာများကို ပေးအပ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



(၇၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ် (၂) ရေနံမြေ လုံခြုံရေးတပ်ဖွဲ့ခွဲ၊ တပ်ဖွဲ့ခွဲမှူး ဦးဆောင်၍ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၄ ရက်က ရွှေတောင်မြို့နယ် ပြည်တောင်တန်း ရေနံမြေတွင်တည်ထားကိုးကွယ်သော "ဝစကြာစေတီတော်" ပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေး ပြုလုပ်စဉ်။

မြို့နယ်(ပြန်/ဆက်)

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ ငြိမ်းချမ်းရေးဆွေးနွေးရန် နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရန်နှင့် လက်နက်ကိုင်ပဋိပက္ခ ချုပ်ငြိမ်းရေးတို့အတွက် ရည်ရွယ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ချက်အရ ကရင် အမျိုးသားအစည်းအရုံး/ ကရင် အမျိုးသားလွတ်မြောက်ရေး တပ်မတော် – ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA–PC) မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နော်ကပေါ်ထူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)မှ စစ်ဦးစီးချုပ် စောစတီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ကရင်ပြည်နယ် ဘားအံမြို့မှ နေပြည်တော် Horizon Lake View Hotel သို့ ယနေ့မွန်းလွဲပိုင်းတွင် မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကို လိုလားသည့် ဒေသခံပြည်သူများက **ထာဝရငြိမ်းချမ်းရေးကို ရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေး ရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန် ဖြစ်သည်၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေ စည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ်အေးချမ်းရ** စသည့်စာသားပါ ဆိုင်းဘုတ်များ ကိုင်ဆောင်၍ လည်းကောင်း၊ နိုင်ငံတော်အလံငယ်များ ကိုင်ဆောင်၍ လည်းကောင်း ကြိုဆိုခဲ့ကြသည်။





အဆိုပါ ငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့များနှင့် ပထမအကြိမ် တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့ရာတွင် ကရင် အမျိုးသားအစည်းအရုံး/ ကရင် အမျိုးသား လွတ်မြောက်ရေး တပ်မတော် – ငြိမ်းချမ်းရေး ကောင်စီ (KNU/KNLA–PC) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် ၂၀၂၂ ခုနှစ် မေ ၂၆ ရက်မှ ၂၈ ရက်အထိ လည်းကောင်း၊ ဒီမိုကရေစီ အကျိုးပြု ကရင်တပ်မတော် (DKBA) ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့နှင့် ဇွန် ၁၉ ရက်မှ ၂၁ ရက်အထိလည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ ပြည်ထောင်စု ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်ကြိုးပမ်းကြရန် သဘောတူညီနိုင်ခဲ့ကြသည်။

ယခုဒုတိယအကြိမ်လာရောက်ဆွေးနွေးရာတွင်လည်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ နိုင်ငံရေးလိုလားချက်နှင့် အနာဂတ်လုပ်ငန်းစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းရန် လမ်းဖွင့်ထားကြောင်း၊ ဆက်လက်၍ ပထမအကြိမ် တွေ့ဆုံဆွေးနွေးခဲ့သည့် ကျန်တိုင်းရင်းသားကိုယ်စားလှယ်အဖွဲ့များလည်း လာရောက်တွေ့ဆုံဆွေးနွေးရန် ရှိကြောင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ မလာရောက်သေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း မည်သည့်အခြေအနေမျိုးတွင်မဆို ကြိုတင်ကန့်သတ်ချက်မထားဘဲ လာရောက်ဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ထားကြောင်း သတင်းရရှိသည်။


**သတင်းစဉ်**

# နေပြည်တော်သို့ ထိုင်းရုပ်သံမီဒီယာအဖွဲ့များလာရောက်၍ ရိုက်ကူးခဲ့သော မှတ်တမ်းတင်ဗီဒီယို “The Exclusive” Travel Note Show အား ထိုင်းရုပ်သံ Channel တွင် ထုတ်လွှင့်ပြသ

**နေပြည်တော် စက်တင်ဘာ ၁၄**

ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေသော လုပ်ငန်းတစ်ခုဖြစ်သည့်အပြင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သော ဆင့်ပွားအကျိုးသက်ရောက်မှုများ ရရှိနိုင်သည်။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပ သတင်းမီဒီယာများ၌ မြန်မာနိုင်ငံ၏ ခရီးသွားဆွဲဆောင်မှုနေရာများကို ထုတ်လွှင့်ပြသနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်း၊ ခရီးသွားလုပ်ငန်းနှင့် စပ်လျဉ်း၍ မှန်ကန်သော သတင်းအချက်အလက်များကို ဖြန့်ဝေပေးခြင်း၊ မြန်မာနိုင်ငံ၏ ကောင်းမွန်သော ပုံရိပ်ကို မြှင့်တင်ခြင်းလုပ်ငန်းများကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းအား မြှင့်တင်ရန်နှင့် မြန်မာနိုင်ငံသို့ ထိုင်းနိုင်ငံမှ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ Sai Swe Co.,Ltd, ထိုင်းနိုင်ငံရှိ Best International Travels and Agency နှင့် ထိုင်းရုပ်သံ Channel များမှ ကိုယ်စားလှယ်များသည် ဇူလိုင် ၃၁ ရက်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဋ္ဌေးအောင်နှင့် တွေ့ဆုံခဲ့ပြီး ရန်ကုန်မြို့နှင့် နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်ကာ မှတ်တမ်းတင်ဗီဒီယိုများ ရိုက်ကူးခဲ့ကာ ထိုင်းနိုင်ငံရှိ ရုပ်သံ Channel တစ်ခုဖြစ်သော Channel 5 ရုပ်သံလိုင်းတွင် အပတ်စဉ် စနေနေ့ည ၉ နာရီတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။




ထိုင်းနိုင်ငံမှ မီဒီယာကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဋ္ဌေးအောင်နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်းဖြစ်ပေါ်တိုးတက်မှု၊ ခရီးသွားဧည့်သည်များအား ဖိတ်ခေါ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုကို မေးမြန်းခဲ့ရာ ပြည်ထောင်စုဝန်ကြီးက ကိုဗစ်အလွန်ကာလများတွင် ခရီးသွားလုပ်ငန်းများ တဖြည်းဖြည်း ပြန်လည်ကောင်းမွန်လာစေရေးအတွက် တစ်ဦးကိုတစ်ဦး ကူညီဆောင်ရွက်ကြရန် လိုအပ်ကြောင်းနှင့် ထိုင်းနိုင်ငံမှ ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြရေး ပြောကြားခဲ့သည်။




ထိုင်းနိုင်ငံရှိ Best International Travels and Agency အနေဖြင့် ယင်းခရီးစဉ်သည် အထူးခရီးစဉ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံအကြောင်း ပထမဆုံးအကြိမ် ရိုက်ကူးထုတ်လွှင့်ခြင်းဖြစ်ကြောင်းနှင့် အဆိုပါခရီးစဉ်မှတ်တမ်းတင်ဗီဒီယို “The Exclusive” Travel Note Show ကို ထိုင်းနိုင်ငံ Channel 5 ရုပ်သံလိုင်းတွင် ထုတ်လွှင့်ပြသလျက်ရှိကာ ဆက်လက်၍လည်း မန္တလေးနှင့် ပုဂံမြို့များသို့ သွားရောက်ကာ ခရီးသွားဆွဲဆောင်မှုနေရာများကို ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲတွင် မန္တလေးတပ်နယ်အသင်းက ဒိုင်းဆုရရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ခဲ့ပြီး ဒိုင်းဆုအား မန္တလေးတပ်နယ်အသင်းက ရရှိသွားကြောင်း သိရှိရသည်။

အဆိုပါ မြန်မာ့သိုင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲသို့ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်၍ ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ ဆုရရှိသောအသင်းများ၊ တစ်ဦးချင်းဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသည့် မန္တလေးတပ်နယ်အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မဝေးသည့်ခရီး နီးသည်ထက် နီးစေ

ဝဏ္ဏ (TGI)

၂၀၂၂ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့ ရာသီဥတုသာယာလျက်ရှိသည်။ မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ရောက်ရှိ တည်းခိုလျက်ရှိသည့် Far Eastern Fedral University (FEFU)၏ ဧည့်ခန်းတစ်ခုအတွင်း သတင်းဌာနကြီး နှစ်ခုမှ ဝန်ထမ်းများအပြေးအလွှားပင် အလုပ်များနေသည်။ Rossiya Segodnya သတင်းအေဂျင်စီ၊ RIA သတင်းဌာနဟူသော နာမည်ကြီးမီဒီယာများပီပီ တခဏအတွင်း လိုအပ်သည့် ပြင်ဆင်မှုများပြီးသည်။ ချိန်းဆိုထားသည့်အချိန်၊ ချိန်းဆိုထားသည့်နေရာသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ရောက်ရှိစဉ်တွင် သူတို့၏ တွေ့ဆုံမေးမြန်းမှုကို စသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ၏အကြံပေးနှင့် ဖိုရမ်ဖြစ်မြောက်ရေးကော်မတီ အထူးအတွင်းရေးမှူး Mr. Anton Kobyakov တို့ တွေ့ဆုံဆွေးနွေးစဉ်။

**❝ ငွေကြေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြခန်းနှင့် Aeroflot Airline ပြခန်းများတွင်လည်း အကြီးအကဲ၏ စိတ်ပါဝင်စားမှုက လျော့ကျသွားမှုမရှိ။ စိုက်ပျိုးရေးကိုအခြေခံသည်ဟု အများကသိမှတ်ထားသည့်တိုင် မြန်မာနိုင်ငံတွင်းမှာ အခြားစီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းတွေ များပြားစွာရှိသည်။ သဘာဝသယံဇာတကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သလို လူ့စွမ်းအားအရင်းအမြစ်ကို အခြေခံဆောင်ရွက်နိုင်သည့် စီးပွားရေးလုပ်ငန်းများလည်း မနည်းလှချေ။ ဆက်စပ်နေသည့် ကုန်စည်သယ်ယူပို့ဆောင်ရေးအတွက်သာမက သဘာဝခရီးသွားလုပ်ငန်းအပါအဝင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ များပြားစွာရှိနေသည့် မြန်မာနိုင်ငံအဖို့ လေကြောင်းခရီးစဉ်များ ပြေးဆွဲနိုင်မှုကလည်း အခွင့်အလမ်းများလှသည်။ အကြီးအကဲက ကုမ္ပဏီများအလိုက် မေးသင့်သည်ကိုများမေး၍ ဖိတ်သင့်သည်များကိုဖိတ်သည်။ ကမ်းလှမ်းသင့်သည်များကို ကမ်းလှမ်းသည်။ အမိမြန်မာနိုင်ငံအတွက် ဇယ်စက်သလို လှုပ်ရှားပြောဆိုနေမှုများမှာ ပင်ပန်းသည်ဟု အကြီးအကဲမမြင်မိ ❞**

မီဒီယာများ၏ အမေးစကား အစသည် အာရှ-ပစိဖိတ်ဒေသ လုံခြုံရေးဆိုင်ရာ သဘောထားအမြင်ကို ဖြေကြားပေးရန်ဖြင့် စသည်။ မြန်မာဟူသော နိုင်ငံအဆင့်မျှကိုသာ စူးစိုက်နေသည်ဟု မြင်လေသည်လား။ သို့တည်းမဟုတ် ကမ္ဘာ့နိုင်ငံရေး၊ ကာကွယ်ရေးအခြေအနေတို့ကို လျစ်လျူရှုနေသည်ဟု ထင်လေသည်လား မသိရ။ အကြီးအကဲ၏ အဖြေစကားကို သူတို့ ငံ့လင့်စွာစောင့်သည်။ အကြီးအကဲက နိုင်ငံတစ်နိုင်ငံတည်းသာမဟုတ်၊ ကမ္ဘာ့နိုင်ငံရေး၊ ကာကွယ်ရေးစသည်တို့အပြင် စီးပွားရေးနယ်ပယ်အရ ဆက်စပ်နေမှုများကို အကျယ်တဝင့်ဆိုသလို သုံးသပ်ချက်များနှင့်တကွ ပြန်ဖြေသည်။ မြင်ထောင့်တူခြင်း၊ မတူခြင်းသည် ပဓာနမကျ။ မှန်ကန်သည့် သုံးသပ်ချက်သာ ပဓာနကျသည်ကို မီဒီယာများ သဘောပေါက်သည်။ နောက်ဆက်တွဲသော မေးခွန်းပေါ်မလာ။

အာရှ-ပစိဖိတ် အရေးအပြီးတွင် မေးခွန်းများက မြန်မာနိုင်ငံ၏ ပြည်တွင်းရေး ကိစ္စများဘက်သို့ လှည့်သည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲလာမှုအခြေအနေ၊ နိုင်ငံတည်ငြိမ် အေးချမ်းရေးနှင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို မေးသည်။

### ကလောင်ကို လက်နက်သဖွယ် အသုံးချနေသည့် ဩဇာခံမီဒီယာများ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်အဖြစ် Rood Map ၅ ရပ်ကို ရေးဆွဲ၍ ဆောင်ရွက်နေသည်။ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး စသည့်နယ်ပယ်များအလိုက် ဦးတည်ချက် ၉ ရပ်ချမှတ်၍ ကြိုးပမ်းထမ်းဆောင်နေသည်။ နေ့မနား၊ ညမအားဆိုသည့်စကားစုဖြင့် အထူးပြုနိုင်သည်အထိ ကြိုးပမ်းနေသည်။ အကြီးအကဲအနေဖြင့် ဤကိစ္စအရေးအရာများအတွက် ဆောင်ရွက်နေမှုများကို သိသူသိ၍၊ မသိအောင်လုပ်သူက လုပ်နေဆဲသာဖြစ်သည်။ မြင်သူမြင်၍ မမြင်အောင်တားဆီးပိတ်ဆို့မှု လုပ်သူကလည်း လုပ်နေဆဲသာဖြစ်၏။ ကလောင်ကို လက်နက်သဖွယ် အသုံးချနေသည့် ဩဇာခံမီဒီယာများကြားတွင် ဆောင်ရွက်ချက်များက ထင်ရှားပေါ်လွင်လာခြင်းသို့ မရောက်ခဲ့။

ယခု သတင်းဌာနများ၏ အမေးစကားမှတစ်ဆင့် ကမ္ဘာသို့ပင် သိအောင် အကြီးအကဲက ရှင်းလင်းပြောဆိုသည်။ ရည်မှန်းချက်၊ ရည်ရွယ်ချက်များဖြင့် ကြိုးပမ်းဆောင်ရွက်နေမှုများမှာ တွေးထင်သုံးသပ်ချက်၊ စဉ်းစဝေးတိုင်ပင်၍ ရလာသည့် ဆုံးဖြတ်ချက်၊ ကာယကံမြောက် အကောင်အထည်ဖော် ဆောင်ရွက်မှု စသည့်အရှိတရားများဖြစ်သည့်အတွက် ဖြေဆိုရန်စကားက မခက်ခဲ့။ ကမ္ဘာက မသိသည့်ကိစ္စရပ်များ၊ မသိအောင် ပိတ်ဆို့ခံထားရသည့်အကြောင်းအရာများကြားတွင် ယခုမေးခွန်းများအရ ကမ္ဘာက သိခွင့်ရသည်။ အမှားကြာ၊ အမှန်ဖြစ်သည်ဟူသော အခြေအနေကို အမှားက အမှားသာဖြစ်၍ အမှန်သည် ဤသည့် အချက်အလက်များသာဟု ဖွင့်ဟပြနိုင်ခြင်းဟု ဆိုနိုင်သည်။

### တည်ဆဲဥပဒေများ တိကျစွာလိုက်နာ

အာဆီယံပဋိညာဉ်စာတမ်းပါ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာ ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ အမေးစကားများတွင်လည်း မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို ပြတ်ပြတ်သားသားဖြေကြားသည်။ ထီးမိုးပေးခြင်းသည် ရာသီဥတုဒဏ်အတွက် ကာကွယ်ပေးခြင်းဖြစ်သော်လည်း အခြားသောတစ်ဖက်တွင် လောင်းရိပ်မိတတ်သည့် သဘောကိုလည်း စောင်းပါးရိပ်ခြည်ဖြင့် ထည့်ပြောသည်။ မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်မာနိုင်ငံမှ လေးစားလိုက်နာဆောင်ရွက်နေမှုများအတွက် မြန်မာသည် အမှားအယွင်းမရှိ၊ စည်းကမ်းဘောင်အတွင်းသာရှိပြီး ဆောင်ရွက်နေသည်ကိုလည်း အဖြေစကားတွင် ထည့်သွင်းဖြေကြားသည်။ လေးစားလိုက်နာနေသည့် အကြောင်းခြင်းရာများအတွင်း မြန်မာတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် တည်ဆဲဥပဒေများအပေါ် တိကျစွာလိုက်နာဆောင်ရွက်နေမှုများကိုလည်း ကျန်နေခြင်းမရှိ။ No Man Above The Law ဟူသော စကားကို ညွှန်းရင်းဖြေဆိုသည်။ အမေးစကားတိုတောင်းသည်။ အဖြေစကားကို ပြည့်စုံခြင်းသို့ ဦးတည်သည်မို့ အချိန်တစ်ခုမျှကြာသည်။ အပိုအလိုဟူ၍ တော့မရှိ။ ထောင့်စေ့သည်ဟုပင် ညွှန်းဆိုနိုင်သည့် အဖြေစကားဖြစ်သည်။

ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံစစ်ဘက်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး တိုးမြှင့်ဆောင်ရွက်နိုင်မှု အခြေအနေများကို မေးမြန်းရာတွင်လည်း အယူအကောက်လွဲစေနိုင်သည့် အမေးအချို့ပါသည်။ နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်နေမှု၊ ဆက်လက်၍ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများကို ဖြေကြားမှုတွင် အကြီးအကဲသည် တက်တက်ကြွကြွပင်ရှိသည်။ ဖြေကြားချက်တွင် အကြီးအကဲ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် လေးစားလိုက်နာမှုကိုလည်း အထင်းသားမြင်နိုင်သည်။

*စာမျက်နှာ ၇ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Rossiya Segodnya သတင်းအေဂျင်စီ၊ RIA သတင်းဌာန၏ တွေ့ဆုံမေးမြန်းမှုများအား လက်ခံဖြေကြားစဉ်။

*စာမျက်နှာ ၆ မှ*

ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပေးထားချက်ကို ကျော်လွန်စေမှု အလျဉ်းမျှမရှိ။ အမျိုးသားအကျိုးစီးပွားကိုသာ ရှေးရှုသည်ကို သတိပြုမိသည်။ မီဒီယာများ၏ မေးမြန်းမှုအပေါ် အလေးအနက်ထား၍ ပြည့်စုံစွာဖြေကြားမှုသည် အချိန်ကာလတစ်ခုသို့ တိုင်သည်အထိ ကြာသည်။

## အရှေ့ဖျားစီးပွားရေးဖိုရမ် သွားရောက်လေ့လာ

မီဒီယာများ၏ မေးမြန်းချက်ကို ဖြေကြားပြီးစဉ်တွင် အကြီးအကဲအတွက် နားနေချိန် အဖြစ်မပါရှိ။ ရောက်ရှိနေသည့်အချိန်အတွင်း အမိမြန်မာနိုင်ငံအတွက် လေ့လာသင့်သည်ကို လေ့လာ၊ ဆွေးနွေးသင့်သည်ကို ဆွေးနွေး၊ မေးမြန်းစူးစမ်းသင့်သည်ကို မေးမြန်းစူးစမ်းရန် ပြင်ဆင်ရသည်။ Far Eastern Federal University(FEFU) အတွင်း စက်တင်ဘာလ ၅ ရက်နေ့က ဖွင့်လှစ်ခဲ့သည့် (၇)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ် (The 7th Eastern Economic Forum-2022) သို့ သွားရောက်လေ့လာခြင်းကို ဆောင်ရွက်သည်။

Forum အတွင်း ဦးစွာရောက်ရှိသည်က RZD Russian Railways ကုမ္ပဏီဖြစ်သည်။ ပြခန်းမှ တာဝန်ရှိသူများက ကြိုဆိုပြီးနောက် မီးရထားလမ်းကြောင်းများနှင့် ပတ်သက်သည့် နည်းပညာရပ်များ၊ ဝန်ဆောင်မှုပေးနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ မိမိတို့နိုင်ငံအတွက်ဆိုလျှင် ဘာတွေလိုအပ်မလဲဟု တွေးလေ့ရှိသူပီပီ အကြီးအကဲထံတွင် မေးခွန်းများက မနည်းလှ။ ပြခန်းတာဝန်ရှိသူများကလည်း စိတ်ရှည်လက်ရှည်ဖြင့် ရှင်းလင်းတင်ပြသည်။ RZD Russian Railways ပြခန်းအပြီးတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး Rus Hydro Hydroetectris Power Generation Company ပြခန်းကို ရောက်ရှိလေ့လာသည်။ လူတို့၏ စား၊ ဝတ်၊ နေရေးဟူသော အဓိကအရေးအရာများအတွက် လျှပ်စစ်သည် မရှိမဖြစ်လိုအပ်သည့် ခေတ်ကာလတွင် လျှပ်စစ်ဓာတ်အားထုတ်ယူရေးသည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိသည်။ နျူကလီးယားစွမ်းအင်၊ လောင်စာဆီသုံးစွမ်းအင်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် စသည့်နည်းလမ်းများစွာဖြင့် လျှပ်စစ်ဓာတ်အားကို ထုတ်ယူနိုင်ရာ နိုင်ငံတော်နှင့် ပြည်သူ၊ ပြည်သားများ ထိခိုက်မှု အနည်းဆုံးနှင့် လုံလောက်စွာ ရရှိသုံးစွဲနိုင်ရေး ဈေးနှုန်းသက်သာစွာဖြင့် ထုတ်ယူရရှိရေးတို့မှာ အရေးကြီးလှသည်။ များပြားလှစွာသော ထုတ်ယူမှုစနစ်၊ သဘာဝပတ်ဝန်းကျင်ရရှိနိုင်မည့်စွမ်းအား၊ ကုန်ကျမည့်စရိတ် စသည်တို့အတွက် အကြီးအကဲ၏ မေးမြန်းစူးစမ်းမှုသည် ဤနေရာတွင်လည်း မနည်းလှ။ သဘာဝမှ ပေးအပ်ထားသည့် တော၊ တောင်၊ ရေ၊ မြေနှင့်ရာသီဥတုတို့အပေါ် မူတည်၍ ဆောင်ရွက်နိုင်မည့် အခြေအနေကို သုံးသပ်မေးမြန်းခြင်းဟု သဘောပေါက်မိသည်။

ဆက်လက်လေ့လာမှုတွင် ငွေကြေးရင်းနှီးမြှုပ်နှံမှုဆိုင်ရာ VEBRF Invstment Company ပြခန်းနှင့် Aeroflot Airline ပြခန်းတို့ကို ရောက်ရှိလေ့လာသည်။ ပြခန်းများအလိုက် ပြခန်းတာဝန်ခံများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။ အမိမြန်မာနိုင်ငံတွင် မြစ်ကြီးလေးသွယ်၊ မြစ်ငယ်များစွာ စီးဆင်းနေသည်။ နေ၏ အလင်းရောင်အား ရာသီမရွေး ရရှိနေသည့် နေရာများစွာ ရှိနေသည်။ သဘာဝတရားက ပေးအပ်ထားသည့် ဓာတ်ငွေ့သိုက်များကလည်း မနည်းလှ။ လိုအပ်သည့်နေရာများစွာရှိသည်။ လိုအပ်သည့် လျှပ်စစ်စွမ်းအင်အတွက် လုံလောက်ရုံမက ပိုလျှံအောင် ထုတ်လုပ်နိုင်သည်အထိ ပေါကြွယ်ဝလှသည်။ သို့သော် စွမ်းအားပြည့်ပြည့်ဝဝ မထုတ်ယူနိုင်သေး။ အကျိုးလို၍ ညောင်ရည်သွန်းလိုသူ အချို့ရှိသလို မကောင်းကြံသည့် စိတ်ဖြင့် ပိတ်ဆို့နေသူတွေက အဓိကကျသည်။ တိုးတက်လာသည့် နည်းပညာအရ ဆောင်ရွက်နိုင်သည့်အခြေအနေရှိသည့်တိုင် လှမ်းကိုင်နိုင်မှုကို တားဆီးနေသူတွေရှိသည်။ ထိုထိုသောအကြောင်းအရာများကြားမှာ အကြီးအကဲကမူ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Eastern Economic Forum-2022 ရှိ Exhibition အတွင်း ခင်းကျင်းပြသထားမှုများအား လေ့လာကြည့်ရှုစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားနိုင်ငံပိုင် အဏုမြူကော်ပိုရေးရှင်း Rosatom State Corporations ၏ အမှုဆောင်အရာရှိချုပ် Mr. Alexey Evgenievich Likhachev ဦးဆောင်သည့် အဖွဲ့ဝင်တို့ တွေ့ဆုံဆွေးနွေးစဉ်။

**ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရန် ရည်ရွယ်ထားသည်ဖြစ်၍ နျူကလီးယားစွမ်းအင်ကို လျှပ်စစ်ဓာတ်အားထုတ်ယူရေး၊ သိပ္ပံနှင့်သုတေသနလုပ်ငန်းများတွင် အသုံးပြုနိုင်ရေး၊ ဆေးဝါးထုတ်လုပ်ရေး၊ စက်မှုကဏ္ဍနှင့် ကဏ္ဍပေါင်းစုံတွင် အကျိုးရှိစွာအသုံးချရေးတို့ကို ဆက်လက်ဆွေးနွေးကြသည်။ မြန်မာမှုနယ်ပယ်တွင် သုံးတတ်လျှင် ဆေး၊ မသုံးတတ်လျှင်ဘေးဟူသော ဆိုရိုးစကားရှိသည်။ ဤနျူကလီးယားစွမ်းအင်အတွက် သုံးတတ်အောင် ကြိုတင်ပြင်ဆင်ထားသည်။ ခေတ်၏တိုးတက်မှုနှင့် ရင်ပေါင်တန်း၍ ပညာများကို ဆက်လက်ဆည်းပူးနေသည်။ တတ်ကျွမ်းပြီးလက်တွေ့ဆောင်ရွက်နေသည့်အဖွဲ့အစည်းနှင့်လည်း ပူးပေါင်းဆောင်ရွက်မည်။ ဘက်စုံသော ပြင်ဆင်မှုများပြုပြီးဖြစ်သည့်အတွက် ဘေးဖြစ်နိုင်သည်ဆိုသည့်စကားကို ဖယ်ရှား၍ မြန်မာအတွက် ဆေးတစ်ဖုံကို ယူဆောင်လာနိုင်ပြီဟု ယုံကြည်မိသည်။**

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားအတွက် နည်းလမ်းတွေ ရှာနေသည်။ ရောက်လေရာ ခရီးစဉ်တိုင်းလိုလိုလျှပ်စစ်ရရှိရေး အလေးပေးဆွေးနွေးမေးမြန်းနေသည်ကို သတိပြုမိသည်။

## အမိမြန်မာနိုင်ငံအတွက် ပြောဆိုနေမှုများ ပင်ပန်းသည်ဟု အကြီးအကဲ မမြင်မိ

ငွေကြေး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြခန်းနှင့် Aeroflot Airline ပြခန်းများတွင်လည်း အကြီးအကဲ၏ စိတ်ပါဝင်စားမှုက လျော့ကျသွားမှုမရှိ။ စိုက်ပျိုးရေးကို အခြေခံသည်ဟု အများက သိမှတ်ထားသည့်တိုင် မြန်မာနိုင်ငံတွင်းမှာ အခြားစီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းတွေ များပြားစွာရှိသည်။ သဘာဝသယံဇာတကို အခြေခံသည့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သလို လူ့စွမ်းအားအရင်းအမြစ်ကို အခြေခံဆောင်ရွက်နိုင်သည့် စီးပွားရေးလုပ်ငန်းများလည်း မနည်းလှချေ။ ဆက်စပ်နေသည့် ကုန်စည်သယ်ယူပို့ဆောင်ရေးအတွက်သာမက သဘာဝခရီးသွားလုပ်ငန်းအပါအဝင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ များပြားစွာ ရှိနေသည့် မြန်မာနိုင်ငံအဖို့ လေကြောင်းခရီးစဉ်များ ပြေးဆွဲနိုင်မှုကလည်း အခွင့်အလမ်းများလှသည်။ အကြီးအကဲက ကုမ္ပဏီများအလိုက်မေးသင့်သည်ကိုများ မေး၍ ဖိတ်သင့်သည်များကိုဖိတ်သည်။ ကမ်းလှမ်းသင့်သည်များကို ကမ်းလှမ်းသည်။ အမိမြန်မာနိုင်ငံအတွက် ဇယ်စက်သလို လှုပ်ရှားပြောဆိုနေမှုများမှာ ပင်ပန်းသည်ဟု အကြီးအကဲ မမြင်မိ။

မွန်းလွဲပိုင်းမှာ မြန်မာနိုင်ငံအတွက် ခြေလှမ်းသစ်တစ်ခုကို စလှမ်းသည်။ ဤခြေလှမ်းကို လျှောက်လှမ်းနိုင်ရေးအတွက် ပညာတော်သင်များ စေလွှတ်၍ ပြင်ဆင်ထားခဲ့သည်မှာ ဆယ်စုနှစ်ပင်နှစ်ခုမျှ ကျော်လာပြီဖြစ်သည်။ ယခုပြင်ဆင်ချိန်ကာလကို စတင်ကျော်ဖြတ်ပြီးဟု မှတ်တမ်းတင်ရမည့်ကိစ္စမှာ နျူကလီးယားစွမ်းအင် နည်းပညာပူးပေါင်းဆောင်ရွက်ရေးအတွက် စတင်ဆွေးနွေးခြင်းဖြစ်သည်။ မြန်မာဘက်တွင် နိုင်ငံ၏ အကြီးအကဲကိုယ်တိုင် ဦးဆောင်၍ ရုရှားနိုင်ငံပိုင် အဏုမြူကော်ပိုရေးရှင်း Rosatom State Corporations ဘက်တွင် အမှုဆောင်အရာရှိချုပ် Mr. Alexey Evgenievich Likhachv က ဦးဆောင်သည်။

ကြီးမားကျယ်ပြန့်လှသည့် စီမံကိန်းဖြစ်သည်မို့ ဆွေးနွေးမှုများကလည်း အသက်ဝင်လွန်းလှသည်။ နျူကလီးယားစွမ်းအင်နှင့် ပတ်သက်၍ အတွေ့အကြုံနှင့် နည်းပညာများ လေ့လာခွင့်ရရှိနိုင်မည့်အခြေအနေ၊ နှစ်နိုင်ငံပြည်သူ လူထုအကျိုးရှိစေမည့် ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများကို စတင်ဆွေးနွေးကြသည်။ ကိုယ်စီသော နိုင်ငံအလိုက် ပြည်သူကို ရှေးရှုသော ဆွေးနွေးမှုများဖြစ်သည့်အတွက် နှစ်ဖက်ဆွေးနွေးမှုမှာ အပြုံးပန်းများဝေသည်။ နျူကလီးယားစွမ်းအင်ကို ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်သည်မို့ ငြိမ်းချမ်းစွာအသုံးပြုရန်ဟု အထူးပြုစကားဖြင့် ပူးပေါင်းဆောင်ရွက်မည်။ လုပ်ငန်းစဉ်များ (Rood Map) ချမှတ်၍ ဆောင်ရွက်ကြမည်ဟု အသွင်အမြင်တူစွာဖြင့် ဆွေးနွေးကြသည်။

*စာမျက်နှာ ၈ သို့*

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ဒုတိယ (၃) လပတ်အတွင်း နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး / ပြည်နယ်များရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ကြေးများပေးအပ်၊ Gender/ CEDAW/ UNSCR 1325 အသိပညာပေး Online သင်တန်းဖွင့်လှစ်

**နေပြည်တော် စက်တင်ဘာ ၁၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေး နှစ် ဒုတိယ (၃) လပတ်အတွင်း နေပြည်တော်ကောင်စီ၊ တိုင်း ဒေသကြီး/ ပြည်နယ် ၁၅ ခုရှိ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ ၆၀၊ ဘိုးဘွားရိပ်သာ ၈၈ ခု၊ အမျိုးသမီးဂေဟာ ၁၀ ခု၊ မသန်စွမ်းဂေဟာ ၁၁ ခု၊ ကိုယ့်အားကိုယ်ကိုး မူလတန်း ကြိုကျောင်း ၁၅၆၀ ကျောင်း၊ စေတနာ မူလတန်း ညကျောင်း ၁၄ ကျောင်းနှင့် လူငယ့်ရိပ်သာ ခြောက်ခုတို့အတွက် ထောက်ပံ့ ကြေးငွေစုစုပေါင်း ငွေကျပ် ၂၆၈၉ ဒသမ ၈၂၈ သန်း ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်း က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး နှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၌ ကျင်းပခဲ့ပြီး အခမ်းအနားတွင် ပြည်ထောင်စု ဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံတော်အတွင်း မှီတင်းနေထိုင် ကြသော နိုင်ငံသူ၊ နိုင်ငံသားတို့၏ လူမှုဘဝ သာယာဝပြောရေး အတွက် မူဝါဒများ၊ ဥပဒေ၊ နည်းဥပဒေများချမှတ်၍ လူမှု ကာကွယ် စောင့်ရှောက်ရေး လုပ်ငန်းများကို အကောင်အထည် ဖော် ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ငန်းရပ်များတွင် စေတနာ့ ဝန်ထမ်း အဖွဲ့အစည်းများအား ထောက်ပံ့ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေး လုပ်ငန်းသည် တစ်ခုအပါအဝင်ဖြစ်ပြီး စေတနာ့ ဝန်ထမ်း အဖွဲ့အစည်းများက ထူထောင်ထားရှိသော ဂေဟာ/ ရိပ်သာများကို စနစ်တကျဖွင့်လှစ် နိုင်ရေးနှင့် ကြီးကြပ်နိုင်ရေး အတွက် ရည်ရွယ်၍ ထောက်ပံ့ ကြေးများပေးအပ်ခြင်း၊ နည်းပညာ အကူအညီပံ့ပိုးပေးခြင်း၊ နိုင်ငံတော် ကိုယ်စား လူမှုရေးတာဝန်များကို တစ်ဖက်တစ်လမ်းက တာဝန်ယူ ၍ ဆောင်ရွက်ပေးခြင်းကို အသိအမှတ်ပြုသည့် အနေဖြင့် ကူညီပံ့ပိုးပေးခြင်း ဖြစ်ပါကြောင်း။

တည်ထောင်ခွင့်ပြုမိန့် ရရှိ ပြီး ဂေဟာ / ရိပ်သာများတွင် စောင့်ရှောက်ထားရှိသည့် လူပုဂ္ဂိုလ် များကို လူ့အခွင့်အရေး အပြည့် အဝရရှိစေပြီး လူမှုဝန်ထမ်းဦးစီး ဌာန၏ စစ်ဆေးကြီးကြပ်ခြင်း နှင့်အညီ ဂေဟာ/ ရိပ်သာများ တွင် အနိမ့်ဆုံးရှိရမည့် ပြုစု စောင့်ရှောက်ခြင်းနှင့် အကာ အကွယ်ပေးခြင်းဆိုင်ရာ စံချိန် စံညွှန်းများနှင့်အညီ လိုက်နာ ဆောင်ရွက်သွားရန် အထူး အလေးပေး မှာကြားလိုပါကြောင်း၊ နိုင်ငံတော်ကိုယ်စား တစ်ဖက် တစ်လမ်းက ဆောင်ရွက်ပေးနေ သော စေတနာ့ဝန်ထမ်းအဖွဲ့အစည်း များအား ကျေးဇူးတင်ရှိပါ ကြောင်း၊ စောင့်ရှောက်ထားရှိ သူများ ရေရှည်အကျိုးစီးပွားကို ဦးတည်၍ ဆောင်ရွက်ပေးကြရန် တိုက်တွန်း နှိုးဆော်လိုပါကြောင်း ပြောကြားခဲ့သည်။






ဆက်လက်၍ ဒုတိယဝန်ကြီး က အမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသ ကြီး/ပြည်နယ် လူမှုဝန်ထမ်း ဦးစီးမှူးများက ဂေဟာ/ ရိပ်သာ/ ကိုယ့်အားကိုယ်ကိုး မူလတန်းကြို ကျောင်း တာဝန်ခံများကိုထောက်ပံ့ ကြေးများ လွှဲပြောင်းပေးအပ်ကာ ရိပ်သာတာဝန်ခံတစ်ဦး ဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်း ခရိုင် တောင်ဥက္ကလာပမြို့နယ် မြင်သာ မြို့ဦးပရဟိတဂေဟာမှ ဂေဟာမှူး ဦးရဲဝင်းက ဂေဟာ/ ရိပ်သာများ ကိုယ်စားကျေးဇူးတင် စကား ပြန်လည်ပြောကြားသည်။

ထို့ပြင် လူမှုဝန်ထမ်းဦးစီး ဌာနမှ Gender/ CEDAW/ UNSCR 1325 အသိပညာပေး Online သင်တန်းဖွင့်ပွဲကို ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက Hybrid ပုံစံဖြင့် ဖွင့်လှစ်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင် တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး က အမှာစကားပြောကြားသည်။

သင်တန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ ဝန်ကြီးဌာနအောက် ရှိ ဦးစီးဌာနရှစ်ခုမှ ဦးစီးအရာရှိ နှင့် အလယ် အလတ်အဆင့် အရာထမ်းများ၊ သင်တန်းသား သင်တန်းသူ ၃၀ ပါဝင် တက် ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၁၄ ရက်မှ ၁၅ ရက် အထိ နှစ်ရက်တာ ဖွင့်လှစ် သွားမည်ဖြစ်ကြောင်း သိရ သည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၇ မှ*

### မြန်မာအတွက် ဆေးတစ်ဖုံ ယူဆောင်လာနိုင်ပြီ

ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ရန် ရည်ရွယ်ထားသည်ဖြစ်၍ နျူကလီးယားစွမ်းအင်ကို လျှပ်စစ် ဓာတ်အားထုတ်ယူရေး၊ သိပ္ပံနှင့်သုတေ သနလုပ်ငန်းများတွင် အသုံးပြုနိုင်ရေး၊ ဆေးဝါးထုတ်လုပ်ရေး၊ စက်မှုကဏ္ဍနှင့် ကဏ္ဍပေါင်းစုံတွင် အကျိုးရှိစွာ အသုံးချ ရေးတို့ကို ဆက်လက်ဆွေးနွေးကြသည်။ မြန်မာမှုနယ်ပယ်တွင် သုံးတတ်လျှင် ဆေး၊ မသုံးတတ်လျှင် ဘေးဟူသော ဆိုရိုးစကားရှိသည်။ ဤနျူကလီးယား စွမ်းအင်အတွက် သုံးတတ်အောင် ကြိုတင်ပြင်ဆင်ထားသည်။ ခေတ်၏ တိုးတက်မှုနှင့် ရင်ပေါင်တန်း၍ ပညာ များကို ဆက်လက်ဆည်းပူးနေသည်။ တတ်ကျွမ်းပြီး လက်တွေ့ဆောင်ရွက် နေသည့် အဖွဲ့အစည်းနှင့်လည်း ပူးပေါင်းဆောင်ရွက်မည်။ ဘက်စုံသော ပြင်ဆင်မှုများပြုပြီး ဖြစ်သည့်အတွက် ဘေးဖြစ်နိုင်သည်ဆိုသည့် စကားကို ဖယ်ရှား၍ မြန်မာအတွက် ဆေးတစ်ဖုံကို ယူဆောင်လာနိုင်ပြီဟု ယုံကြည်မိသည်။

တွေ့ဆုံဆွေးနွေးမှုများ အပြီးတွင် မော်ကွန်းသစ်ဖြစ်လာမည့် သဘောတူညီ မှု စာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို လုပ်သည်။ ရှေ့ဆက်ဆောင်ရွက်သွား ရမည့် လုပ်ငန်းစဉ်များအတွက် နားလည် မှု စာချွန်လွှာ လက်မှတ်ရေးထိုးခြင်းကို ရုရှားဘက်မှ ရုရှားနိုင်ငံပိုင် Rosatom State Corporations အမှုဆောင်အရာရှိ ချုပ် Mr. Alexey Evgenievich Likhachv ကလက်မှတ်ထိုးသည်။ မြန်မာဘက် မှ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိန်းကျော်နှင့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်တို့က လက်မှတ်ကပင် ဤစီမံကိန်းကြီးအပေါ် အလေးအနက် ထားရှိမှုကို ပေါ်လွင်စေသည်။ လတ်မှတ် ရေးထိုးမှုအပြီးတွင် ထွက်ပေါ်လာသည့် သြဘာလက်ခုပ်သံက မြန်မာနိုင်ငံ အတွက် ရည်ရွယ်သည့် လက်ခုပ်သံများ ဟု ထင်မိသည်။ ခေတ်မီတိုးတက်ခြင်း ဟူသော အကျိုးတရားကို ရရှိစေမည့် အကြောင်းတရားကို ဆောင်ရွက်နိုင်ခဲ့မှု အတွက် သြဘာကနားဝင်ပီယံရှိလှသည်။ ခရီးစဉ်ဒုတိယနေ့၏ မင်္ဂလာမည်မှုက ကျွန်တော်တို့ နိုင်ငံနှင့် နိုင်ငံသားတို့ အတွက် ဦးတည်နေသည်ကိုလည်း ခံစား နေမိပါသည်။

နားလည်မှု စာချွန်လွှာအား လက်မှတ်ရေးထိုးပြီးသော်လည်း အကြီး အကဲ၏ တစ်နေ့တာလုပ်ဆောင်ဖွယ်ကမ္ဘ မပြီးဆုံးသေး။ ရရှိသောအချိန်တိုအတွင်း ဇယ်စက်သလို လှုပ်ရှားရပြန်သည်။ တွေ့ဆုံဆွေးနွေးမှုပြုရန် ကျန်နေသေး သည်မို့ FEFU Campus ကို သွားရောက်၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ၏ အကြံ ပေးနှင့် ဖိုရမ်ဖြစ်မြောက်ရေးကော်မတီ အထူးအတွင်းရေးမှူး Mr. Anton Kobyakov နှင့် တွေ့ဆုံဆွေးနွေးသည်။ မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့ တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးဆောင် ၍ စုံစုံလင်လင် တက်ရောက်သကဲ့သို့ ရုရှားဘက်တွင်လည်း ရုရှားဖက် ဒရေးရှင်း နိုင်ငံသမ္မတ၏ အကြံပေးနှင့် ဖိုရမ်ဖြစ်မြောက်ရေးကော်မတီ အထူး အတွင်းရေးမှူးနှင့်အတူ ရုရှားဖက်ဒရေး ရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Colonel General Alexander Vasilievich Fomin နှင့် ကိုယ်စားလှယ်များ တက်ရောက် သည်။

**ဆွေးနွေးမှုများ အားပါအသက်ဝင်လှ**

တွေ့ဆုံဆွေးနွေးမှုသည် ချစ်ကြည် ရင်းနှီးခင်မင်မှုကို အခြေတည်သည်မို့ မြိုင်မြိုင်ဆိုင်ဆိုင်ဆိုသလို ဆွေးနွေးကြ သည်။ ဖိုရမ်ကို တက်ရောက်ရန် ဖိတ်ကြားမှု ရောက်ရှိချိန်တွင်လည်း ညှော်ဝတ်ကျေပွန်မှုတို့အတွက် ကျေးဇူး တင်စကားဆိုသည့်အခါ ရုရှားကိုယ်စား လှယ်အဖွဲ့ ကျေနပ်ပြုံး ပြုံးသွားကြ သည်မှာ အသက်ဝင်လှသည်။ သံတမန် ဆက်ဆံမှု (၇၅) နှစ်မြောက်ကာလအတွင်း နိုင်ငံနှစ်နိုင်ငံ၊ တပ်မတော်နှစ်ရပ်ကြား မိတ်ဆွေကောင်းပီသစွာဖြင့် ဆက်ဆံ ရေးကောင်း တည်ဆောက်နိုင်ခဲ့မှု၊ အရပ် ဘက်ဆက်ဆံရေးနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင် ဆောင်ရွက်နိုင်မှု အခြေအနေများကို ပီတိလွှမ်းခြုံသည့် ဆွေးနွေးမှုများ ပြုသည်။ ရုရှားနှင့်မြန်မာ မိတ်ဆွေ ညီအစ်ကိုနိုင်ငံနှစ်ခုကြား ကဏ္ဍသစ် များတွင် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုး တိုးတက်ရေး၊ ကုန်သွယ်မှုကဏ္ဍ တိုးမြှင့် ရေးတို့အတွက် တိုက်ရိုက်လေကြောင်း လိုင်းများပြေးဆွဲရေး စသည်တို့ကိုလည်း ဆွေးနွေးသည်။ ရှိရင်းစွဲ ပူးပေါင်း ဆောင်ရွက်မှုများကို အဆင့်မြှင့်တင်၍ ဆောင်ရွက်မည့် ကိစ္စရပ်များဖြစ်၍ ကျယ်ပြန့်လှသည်။ နိုင်ငံနှင့် ပြည်သူများ အတွက်ဟု ကိုယ်စီရည်မှန်းထားသူများ ဖြစ်၍ ဆွေးနွေးမှုများမှာ အားပါ အသက်ဝင်လှသည်။

နှစ်နိုင်ငံအစိုးရချင်း ချစ်ကြည်ရင်းနှီး မှုသာမက ပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင် ရေးအတွက်လည်း ဆွေးနွေးမှုပြုလုပ် သည်။ နယ်ပယ်ကား ကျယ်ဝန်းလှ သည်။ ကဏ္ဍပေါင်းစုံဟု သတ်မှတ်၍ ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် အမိ မြန်မာနိုင်ငံအတွက် ရလာနိုင်မည့်အကျိုး ကျေးဇူးကား မနည်းလှ။ စီးပွားရေး၊ လူမှုရေးမှသည် နိုင်ငံရေးနယ်ပယ် အပါအဝင် နယ်ပယ်ပေါင်းစုံမှ ဖွံ့ဖြိုး တိုးတက်လာမည့် အခြေအနေကောင်း များကို မြင်နေပြီဟုပင် ဆိုရမည် ဖြစ်သည်။

---

# သာယာဝတီမြို့နယ်၌ စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်လှစ်

**သာယာဝတီ စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်၌ စပါးသီးနှံ၊ ဆီထွက်သီးနှံ နှင့် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန်အတွက် ဝန်ထမ်း များနှင့် တောင်သူလယ်သမားများအား နည်းပညာပေးသင်တန်းကို ယနေ့နံနက်ပိုင်းက အင်းရွာတောင်သူပညာပေးသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းဟိုနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မာမာအောင်တို့က အမှာစကား ပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးသန်းထွန်းအောင်က သင်တန်းဖွင့်လှစ် ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး လယ်ယာကဏ္ဍ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးသီးနှံများ ရည်မှန်းချက်အတိုင်း အပြည့်အဝစိုက်ပျိုးနိုင်ရေး၊ တစ်ဧကအထွက်နှုန်း တိုးတတ်ရေး အလေးထားဆောင်ရွက်ရမည်ဖြစ်ရာ ရာသီအလိုက်၊ သီးနှံအမျိုးအစားအလိုက် စိုက်ပျိုးရေးနည်းပညာဆိုင်ရာ များကို ခရိုင်မြေအသုံးချရေး၊ မျိုးစေ့၊ သီးနှံပိုးမွှားရောဂါ တာဝန်ခံများ ကလည်း ဝန်ထမ်းများနှင့် တောင်သူများအား သင်တန်းများ ပို့ချပေးခဲ့ ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ၂၀၂၂ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

**မုံရွာ စက်တင်ဘာ ၁၄**

၂၀၂၂ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈)နှစ်အောက် အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းက မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက ဗိုလ်လုပွဲစဉ်အဖြစ် အမျိုးသား/အမျိုးသမီး မီတာ ၁၀၀ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်းက အမျိုးသား/အမျိုးသမီး အလျားခုန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော အားကစားသမားများအား ဆုတံဆိပ်များကို လည်းကောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ) ကျောင်းအုပ်ကြီး ဦးအောင်ဇော်လွင်က အမျိုးသား/အမျိုးသမီး သုံးဆင့်ခုန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော အားကစားသမားများအား ဆုတံဆိပ်များကို လည်းကောင်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်က အမျိုးသား/အမျိုးသမီး တန်းမြင့်ခုန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော အားကစားသမားများအား ဆုတံဆိပ်များကို လည်းကောင်း ဆုများချီးမြှင့်သည်။

ဆက်လက်၍ မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်တင်မိုးက အမျိုးသား/ အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသော အားကစားသမားများအား ဆုတံဆိပ်များကို လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ညွှန်ကြားရေးမှူး ဦးကျော်စိန်က အမျိုးသား/ အမျိုးသမီး သံပြားပစ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော အားကစားသမားများအား ဆုတံဆိပ်များကို လည်းကောင်း၊ တိုင်းဒေသကြီး ပညာရေးမှူး ဦးတိုးဝင်းက အမျိုးသား/ အမျိုးသမီး လှံတံပစ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသော အားကစားသမားများအား ဆုတံဆိပ်များကို လည်းကောင်း ဆုများချီးမြှင့်သည်။



ဆက်လက်ပြီး တိုင်းဒေသကြီး ဥပဒေချုပ် ဒေါ်လှလှဝင်းက အမျိုးသား/ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော အားကစားသမားများအား ဆုတံဆိပ်များကို လည်းကောင်း၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်က အမျိုးသား/ အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော အားကစားသမားများအား ဆုတံဆိပ်များကို လည်းကောင်း၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းက အမျိုးသား/အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော အားကစားသမားများအား ဆုတံဆိပ်များကို လည်းကောင်း၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဒေါ်ရီရီသန်းက အမျိုးသား/ အမျိုးသမီး မီတာ ၄၀၀ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော အားကစားသမားများအား ဆုတံဆိပ်များကို လည်းကောင်း ဆုများချီးမြှင့်သည်။

ယင်းနောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်က အမျိုးသား/ အမျိုးသမီး မီတာ ၈၀၀ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော အားကစားသမားများအား ဆုတံဆိပ်များကို လည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးက အမျိုးသား/ အမျိုးသမီး မီတာ ၁၅၀၀ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော အားကစားသမားများအား ဆုတံဆိပ်များကို လည်းကောင်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဦးဇော်ထူးက အမျိုးသား/ အမျိုးသမီး မီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော အားကစားသမားများအား ဆုတံဆိပ်များကို လည်းကောင်း ဆုများချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမျိုးသား/ အမျိုးသမီး တံခွန်စိုက်ဆုရရှိသော မြို့နယ်များအား တံခွန်စိုက်ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ပြီး စုပေါင်းတံခွန်စိုက်ဆုရရှိသော အင်းတော်မြို့နယ် အမျိုးသား/အမျိုးသမီး အသင်းအား ဆုပေါင်းတံခွန်စိုက်ဆုနှင့် ငွေသားဆု ငွေကျပ် ငါးသိန်း ပေးအပ်ချီးမြှင့်သည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**

# ရွှေနှင့် ငွေကြေး ဈေးကွက်တည်ငြိမ်ခိုင်မာစေရေး တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၄**

ရွှေနှင့် ငွေကြေးဈေးကွက်တည်ငြိမ် ခိုင်မာစေရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် ရွှေနှင့် ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်း ကော်မတီတို့မှ တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဇမ္ဗူသီရိခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ရွှေနှင့် ငွေကြေး ဈေးကွက်တည်ငြိမ် ခိုင်မာစေရေး အတွက် သက်ဆိုင်ရာဌာန အသီးသီးက ဆက်လက်ပူးပေါင်း ကြိုးပမ်း ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များ၊ ရွှေတုံး၊ ရွှေခဲ အရောင်းအဝယ် ဆောင်ရွက်သည့် အခါ ဘဏ်စနစ်ဖြင့်သာ ပေးချေနိုင်ရန်အတွက် ဘဏ်များက ပံ့ပိုးပေးမည့်အစီအမံများ၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်တို့က ရွှေနှင့်ငွေကြေး ဈေးကွက် တည်ငြိမ်စေရေး အတွက် ဆက်လက်ပံ့ပိုးပေးမည့် အစီအစဉ်များ၊ ရွှေလုပ်ငန်းရှင်များက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေး ပြောကြားသည်။



ယင်းနောက် အစည်းအဝေး တက်ရောက်လာကြသော ရွှေနှင့် ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌနှင့် ရွှေနှင့် ငွေကြေး ဈေးကွက်စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်း ကော်မတီ အတွင်းရေးမှူး၊ ဆပ်ကော်မတီအသီးသီး၏ ဥက္ကဋ္ဌများဖြစ်ကြသော ဌာနဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများက တာဝန်ယူ ဆောင်ရွက်ရသည့် လုပ်ငန်းပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများကို ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြောင်းမြ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းနှင့် Cash for Work စီမံကိန်းရန်ပုံငွေ ကျေးရွာများသို့ လွှဲပြောင်းပေးအပ်



**မြောင်းမြ စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၂ – ၂၀၂၃ ဘဏ္ဍာနှစ်တွင် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် ခရိုင်အဆင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)နှင့် Cash For Work စီမံကိန်းရန်ပုံငွေ ကျေးရွာများသို့ လွှဲပြောင်း ပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းငွေးက အမှာစကား ပြောကြားပြီး ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့်တိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသင်းဦးက စီမံကိန်းဆိုင်ရာ ကိစ္စများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းငွေး၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ထက်အောင်နှင့် ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များက ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ကျေးရွာ ၄၉ ရွာအတွက် တစ်ရွာလျှင် နိုင်ငံတော်မှ ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ ကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း အဖွဲ့ဥက္ကဋ္ဌများအား ပေးအပ်ပြီးနောက် Cash for Work စီမံကိန်းဆောင်ရွက်မည့် မြောင်းမြမြို့နယ်နှင့် အိမ်မဲမြို့နယ်ရှိ ကျေးရွာနှစ်ရွာကို စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ စီ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းများတွင် ကွန်ကရစ် လမ်းခင်းခြင်း၊ ကွန်ကရစ်ဘီးလမ်း ခင်းခြင်း၊ ကျောက်ပြားလမ်း ခင်းခြင်း၊ ဘက်စုံသုံးခန်းမ၊ ရေပေးရေးလုပ်ငန်း၊ မီးလင်းရေးလုပ်ငန်း၊ မြေသားလမ်းချဲ့ခြင်း၊ ရေမြောင်းတူးဖော်ခြင်းနှင့် ဂဝံလမ်းခင်းခြင်း၊ လမ်းပခုံး ဂဝံခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချ

**ရန်ကုန်  စက်တင်ဘာ  ၁၄**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် စက်တင်ဘာ ၁၃ ရက်က စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချနေမှု၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရန်ကင်းမြို့နယ် မဟာသာသနာ့ဗိမာန်တော်ကြီးရှေ့ စုရပ်၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက မည်သူမဆို လွတ်လပ်စွာ ဝယ်ယူနိုင်ရန် လူတစ်ဦးလျှင် ဆန်တစ်ပြည် ငွေကျပ် ၁၆၀၀၊ ဆီ ၂၅ ကျပ်သား ငွေကျပ် ၁၂၀၀၊ ကြက်ဥတစ်လုံးငွေကျပ် ၁၇၅ ကျပ်ဖြင့် ၁၀ လုံးနှုန်း ရောင်းချပေးနေမှုများနှင့် လာရောက်ဈေးဝယ်သူများအား ကြည့်ရှုအားပေးပြီး STOP COVID – 19၊ နှာခေါင်းစည်းတပ်ပါ၊ လက်ဆေးပါ၊ တစ်ဦးနှင့်တစ်ဦးခပ်ခွာခွာနေပါ၊ တစ်ဦးကိုတစ်ဦး အသိပေးပါ၊ သတိပေးပါဆိုသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များပါရှိသည့် အဝါရောင်တီရှပ်များနှင့် နှာခေါင်းစည်းများကို ဈေးဝယ်သူပြည်သူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများက ပေးအပ်ကြသည်။




ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာသာသနာ့ဗိမာန်တော်ကြီး၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးခံမည့် ဒေသခံပြည်သူ ၁၅၀ ကျော်ကို မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များက အောက်ဆီဂျင်တိုင်းတာခြင်း၊ ကိုယ်ပူချိန် တိုင်းခြင်းတို့ကိုဆောင်ရွက်ပြီး မြို့နယ်ကျန်းမာရေး ဝန်ထမ်းများက ထပ်ဆောင်းကာကွယ်ဆေးနှင့်အပို ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်ဥက္ကလာပမြို့နယ် မြင်သာမြို့ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ မြို့နယ် အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများမှ ၅ နှစ်မှ ၁၂ နှစ်အတွင်းရှိ ကျောင်းသား ကျောင်းသူ ၃၉၀ အား ကိုဗစ်ကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံပေးနေမှုများကိုကြည့်ရှုအားပေးပြီး ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ ကျောင်းသားမိဘများအား ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နည်းလမ်းများအတိုင်း နေထိုင်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

# လုပ်ငန်းခွင်အကြို မူလတန်းဆရာ အတတ်ပညာသင်တန်း (PPTT) သင်တန်းဖွင့်ပွဲကျင်းပ

**မြစ်ကြီးနား စက်တင်ဘာ ၁၄**

ကချင်ပြည်နယ် မြစ်ကြီးနား ပညာရေး ဒီဂရီကောလိပ်အနေဖြင့် ဆရာအတတ်ပညာ ရရှိရေးအတွက် ဒေသခံများအားလေ့ကျင့်ပြုစုပျိုးထောင်ခြင်းကို နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းခွင်အကြို မူလတန်းဆရာ အတတ်ပညာသင်တန်း (PPTT) ၈/၂၀၂၂ သင်တန်းသားများအား ကြိုဆိုခြင်းနှင့်အတူ သင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၄ ရက် နံနက် ၉ နာရီက ကောလိပ်အတွင်းရှိ အားကစားခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြစ်ကြီးနား ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ် ဆရာမ ဒေါ်ဥမ္မာမြင့်က ကောလိပ်မှ ဆရာများ လေ့ကျင့်ပျိုးထောင် မွေးထုတ်ပေးနေမှု အခြေအနေများနှင့် သင်တန်းသားများအား ကြိုဆိုနှုတ်ဆက်စကား ပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်က သင်တန်းသား သင်တန်းသူများ အား ယခုလို ဆရာ ဆရာမများ မွေးထုတ်ပေးခြင်းသည် မွန်မြတ်သော လုပ်ငန်းတစ်ခုဖြစ်သလို အနာဂတ်အတွက် အင်မတန် တန်ဖိုးကြီးမားသည့် လုပ်ငန်း တစ်ရပ်အကောင်အထည်ဖော်နေခြင်းဖြစ်ပါကြောင်း၊ မှန်ကန်သော လူမှုအဖွဲ့အစည်းသည် အမြဲ သင်ယူနေသော လူမှုအဖွဲ့အစည်း ဖြစ်သည့်အတွက် စဉ်ဆက်မပြတ် သင်ယူမှုကို စိတ်ဝင်စားသော ကလေးငယ်များ လေ့ကျင့် မွေးထုတ်ပေးရမည် ဖြစ်ပါကြောင်း၊ ပညာရေး၏ အဓိက တာဝန်တစ်ရပ် ဖြစ်သည့် ကိုယ်ချင်းစာတရား၊ အပြုသဘော ဆောင် ဆက်ဆံတတ်သည့် လူသားအရင်းအမြစ်များ ပေါ်ထွန်းလာရေးနှင့် အနာဂတ်နိုင်ငံ့ သားကောင်းများ ပေါ်ထွန်းလာအောင် ပြုစုပျိုးထောင်လေ့ကျင် သင်ကြားပေးရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက စက်တင်ဘာ ၁ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ နှစ်လကြာ လုပ်ငန်းခွင်အကြို ဖွင့်လှစ်သင်ကြားသွားမည့် မူလတန်းပြဆရာ ဆရာမ ၂၇၈ ဦးတို့အား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ကျရောက်မည့် (၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် အမှတ် (၇) ရပ်ကွက် ခရမ်းဘိုးဘွားရိပ်သာဝင်းအတွင်း စက်တင်ဘာ ၁၄ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ထွန်း ဦးဆောင်၍ မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူးဝင်းလွင်နှင့် တပ်ဖွဲ့ဝင် ၂၅ ဦးက ချုံနွယ်ပိတ်ပေါင်းများ၊ မြက်နှင့် အမှိုက်များကို ရှင်းလင်းဖယ်ရှားကာ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ကိုမင်း (ခရမ်း)




# သရက်မြို့၌ ရပ်ရွာအခြေပြုလူကုန်ကူးမှုစိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းဖွင့်

**မကွေး စက်တင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ခြင်း ရက်တိုသင်တန်းကို ယမန်နေ့က သရက်မြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးချမ်းငြိမ်းအေးက အမှာစကား ပြောကြားပြီး အမှတ် (၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (မကွေး) မှ ဒုရဲမှူး သန်းနိုင်ဦးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥပဒေအမှတ် ၄၁/၂၀၂၂ ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေ၊ လူကုန်ကူးမှုအမျိုးအစားများ ဆွေးနွေးပြောကြားခဲ့ပြီး ရဲအုပ် ဟန်ဇော်လင်းက လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ ရပ်ကွက်/ ကျေးရွာ အတွင်းနေ ကလေးသူငယ်များ အား လူကုန်ကူးမှု ကျူးလွန်ခံရခြင်းမရှိစေရေး၊ အဓမ္မလုပ်အားခိုင်းစေခြင်း၊ လိင်အမြတ်ထုတ်ခြင်း၊ အဓမ္မပြည့်တန်ဆာပြုခြင်းများ ဖြစ်ပွားမှုမရှိစေရေးအတွက် လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာများ၊ ရပ်ရွာအခြေပြု လူကုန်ကူးခံရသူတွင် ဘေးအန္တရာယ်ရှိနိုင်ပါက သက်ဆိုင်ရာ ရဲတပ်ဖွဲ့ထံ အကူအညီတောင်းခံခြင်း၊ မြို့နယ်အတွင်းရှိ လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ထံ အကူအညီတောင်းခံခြင်းနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့သို့ လွှဲပြောင်းအပ်နှံခြင်း အကြောင်းရင်းများနှင့် ပတ်သက်၍ အသိပညာပေး ဆွေးနွေးခဲ့သည်။



အဆိုပါ ရပ်ရွာအခြေပြု လူကုန်ကူးမှု စိစစ်ဖော်ထုတ်ရေးသင်တန်းသို့ သင်တန်းသား ၉၀၊ သင်တန်းသူ ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

**သျှားထက်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် စက်တင်ဘာ ၁၄** – မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ မကွေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# ဟားခါးမြို့ရှိ ရဲတပ်ဖွဲ့ဝင်များအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**ဟားခါး စက်တင်ဘာ ၁၄**

ချင်းပြည်နယ် ဟားခါးမြို့နယ်အတွင်းရှိ လုံခြုံရေး ဆောင်ရွက်နေသော ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ အတွက် ပြည်နယ်အစိုးရက စားသောက်ကုန်ပစ္စည်း များကို စက်တင်ဘာ ၁၃ ရက်တွင် ထောက်ပံ့ပေးအပ် သည်။

ဟားခါးမြို့မရဲစခန်း အစည်းအဝေးခန်းမ၌ ကျင်းပသည့် ထောက်ပံ့ပေးအပ်ပွဲတွင် ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ဟားခါး မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ လုံခြုံရေးအတွက် နေ့မအား ညမနား တာဝန်ထမ်းဆောင်နေကြသည့် ရဲတပ်ဖွဲ့ဝင်များအား အသိအမှတ်ပြု ချီးကျူးကြောင်း၊ ယနေ့ ထောက်ပံ့ ပေးအပ်သည့် စားသောက်ကုန်ပစ္စည်းများမှာ ရဲတပ်ဖွဲ့ဝင်များ၏ ပေးဆပ်မှုကို တန်ဖိုးဖြတ်ခြင်း မဟုတ်ဘဲ လေးစားဂုဏ်ပြုသည့်အနေဖြင့် ထောက်ပံ့ ပေးအပ်ခြင်းဖြစ်ကြောင်း အမှာစကား ပြောကြား သည်။

ဆက်လက်၍ အနောက်မြောက်တိုင်းစစ်ဌာန ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်က နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ လုံခြုံရေးကို အဓိက တာဝန်ယူဆောင်ရွက်နေသည်မှာ တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် တပ်မတော်နှင့် ရဲတပ်ဖွဲ့ဝင်များအကြား ယုံကြည်မှု နှင့် စည်းလုံးမှုပျက်ပြားလာအောင် သွေးထိုးလှုံ့ဆော် မှုများရှိနေကြောင်း၊ တပ်ဖွဲ့ဝင်များအနေဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူ များက ရဲတပ်ဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိသားစုဝင်များ အတွက် စားသောက်ကုန်ပစ္စည်းများကို ပြည်နယ် ရဲအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး၊ ရဲမှူးနှင့် ရဲတပ်ဖွဲ့ဝင်များထံ ပေးအပ်ပြီး **(အပေါ်ယာပုံ)** ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိုးလွင်မိုးက ကျေးဇူး တင်စကားပြန်လည်ပြောကြားသည်။




မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများအတွက် ပြည်နယ်အစိုးရအဖွဲ့က တန်ဖိုးငွေကျပ် ၆၅၈၀၀၀၀ နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ်က တန်ဖိုး ငွေကျပ် ၂၄၀၀၀၀ ရှိသော စားသောက်ကုန်ပစ္စည်း များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဂုဏ်ပြုယာဉ်များ ပြသရာတွင် လွတ်လပ်ရေးနေ့အဓိပ္ပာယ်အား ပြည်သူများသိရှိနိုင်ရေး ဆောင်ရွက်

**မကွေး စက်တင်ဘာ ၁၄**

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်း အနားတွင် မကွေးတိုင်းဒေသကြီး မှ ဂုဏ်ပြုယာဉ်များ အောင်မြင်စွာ ပြသနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၁၃ ရက်က တိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် တက် ရောက်သည်။



ရှေးဦးစွာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် တိုင်းဒေသ ကြီး ဝန်ကြီးချုပ်က (၇၅) နှစ် မြောက် စိန်ရတုလွတ်လပ်ရေး နေ့အခမ်းအနားတွင် မိမိတို့ တိုင်းဒေသကြီးအနေဖြင့် ဂုဏ်ပြု ယာဉ်သုံးစီးဖြင့် ပြသသွားမည် ဖြစ်ပြီး စိန်ရတုပြည်ထောင်စုနေ့ တွင်လည်း မိမိတို့တိုင်းဒေသကြီး အနေဖြင့် ပထမဆု ဆွတ်ခူးနိုင် ခဲ့ကာ ယခုစိန်ရတုလွတ်လပ်ရေး နေ့တွင်လည်း ဆုများဆက်လက် ဆွတ်ခူးနိုင်ရေး အတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြ ရန်လိုကြောင်း၊ ဂုဏ်ပြုယာဉ်များ ပြသရာတွင် လွတ်လပ်ရေးနေ့ အဓိပ္ပာယ်အား ပြည်သူများ သိရှိ နိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ် ကြောင်းနှင့် ဂုဏ်ပြုယာဉ်များ အား ဆောင်ရွက်ရာတွင် မိမိတို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ သာမက ပြင်ပမှတတ်သိပညာရှင် များအား ဖိတ်ခေါ်ဆောင်ရွက် ကြရမည်ဖြစ်ကြောင်း ပြောကြား သည်။ **(ဝဲပုံ)**

ဆက်လက်၍ တိုင်းဒေသကြီး အတွင်းရေးမှူး ဦးသန်းဆွေဝင်း က (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အခမ်းအနား တွင် ဂုဏ်ပြုယာဉ်များ ပါဝင် ယှဉ်ပြိုင်နိုင်ရေးနှင့် လုပ်ငန်း ကော်မတီများ ဖွဲ့စည်းဆောင်ရွက် မည့်အခြေအနေများ၊ ပြသမည့် အလှပြယာဉ်အလိုက် ဆောင်ရွက် မည့် လုပ်ငန်းလိုအပ်ချက်များအား ရှင်းလင်းတင်ပြခဲ့ကြောင်း သိရ သည်။

ထို့နောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို တက်ရောက် လာကြသည့် ဌာနဆိုင်ရာ တာဝန် ရှိသူများက (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်း အနားတွင် ဂုဏ်ပြုယာဉ်များ အောင်မြင်စွာ ပါဝင်ပြသနိုင်ရေး အတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေး ခဲ့ကြောင်း သိရသည်။

**ကိုစည်သူ(မကွေး)**

# ကျုံပျော်မြို့၌ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ခရိုင်ရုံး ဆိုင်းဘုတ်တင်ပွဲ ကျင်းပ

**ကျုံပျော် စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေး နှင့် စာရင်းအင်းဦးစီးဌာန၏ ခရိုင်ရုံး ဆိုင်းဘုတ် တင်ပွဲ အခမ်းအနားကို အဆိုပါရုံးတည်ရှိရာ ကျုံပျော်မြို့ အောင်ဆန်းရပ်ကွက် ဗိုလ်ချုပ်လမ်း၌ ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ကျုံပျော်ခရိုင် စီမံအုပ်ချုပ် ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးနှင့် ပုသိမ်ခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီး ဌာနမှူး ဦးနေဝင်းတို့က ခရိုင်ရုံးဆိုင်းဘုတ်ကို ဖဲကြိုး ဖြတ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။ **(အောက်ပုံ)**

ထို့နောက် ခရိုင်ရုံးသစ်အား ကြည့်ရှုစစ်ဆေး ပြီး ဖွင့်ပွဲသို့ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူ များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇေယျမင်း နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျုံပျော်၊ ရေကြည်နှင့် ကောင်းကုန်းမြို့နယ်တို့မှ လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးများ၊ ဝန်ထမ်းများ တက်ရောက်ကြောင်း သိရသည်။

**လပြည့်ဦး(ပြန်/ဆက်)**



# ကျောက်ဖြူမြို့၌ စာဖတ်ရှိန်မြင့်မားရေး အသိပညာပေးဟောပြော

**ကျောက်ဖြူ စက်တင်ဘာ ၁၄**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ကျောက်တစ်လုံး IDPs စခန်းရှိ အခြေခံ ပညာမူလတန်းလွန် ကျောင်းတွင် တက်ရောက်ပညာ သင်ယူနေသည့် ကျောင်းသား ကျောင်းသူများအား စာဖတ်ရှိန် မြင့်မားလာစေရန်နှင့် စာပေ ဖတ်ရှုသည့် အလေ့အကျင့်ကောင်း များ ရရှိလာစေရန် ရည်ရွယ်၍ ယမန်နေ့ မွန်းလွဲပိုင်းက ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမှ ဝန်ထမ်းများက အဆိုပါ ခိုလှုံရာစခန်းသို့ သွားရောက်ပြီး အသိပညာပေး ဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင် ပြပွဲများကို ကွင်းဆင်းဆောင်ရွက် သည်။ **(ယာပုံ)**

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျန်းမာရေးအသိ ပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသ၊ ရုပ်ပြ၊ မဂ္ဂဇင်း၊ ဂျာနယ်များကို ခင်းကျင်းပြသ ထားရှိရာ ၎င်း IDPs စခန်းရှိ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာဖြင့် လေ့လာ ကြည့်ရှုကြပြီး ဒုတိယဦးစီးမှူး ဒေါ်ခင်မာအောင်က ကျောင်းသား ကျောင်းသူများ သိရှိလိုသည် များကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း(ပြန်/ဆက်)**



**ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၉-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၂၀ | ၂၄၇၀ | ၂၄၆၀ | ၂၄၃၀ | ၂၄၆၅ | ၂၄၉၀ | ၂၄၇၅ | ၂၄၅၅ | ၂၅၄၅ | ၂၅၆၀ | ၂၄၆၀ | ၂၄၇၀ | ၂၅၀၀ | ၂၅၀၅ | ၂၅၀၅ | ၂၇၂၅ | ၃၁၆၀ |
| 95 Ron | ၂၅၁၅ | ၂၅၆၀ | ၂၅၆၀ | ၂၅၂၀ | ၂၅၆၀ | ၂၅၈၀ | ၂၅၆၅ | ၂၅၄၅ | ၂၆၄၀ | ၂၆၅၅ | ၂၅၅၀ | ၂၅၇၀ | ၂၅၉၅ | ၂၅၉၅ | ၂၆၀၀ | ၂၈၁၅ | ၃၂၂၅ |
| HSD (500 ppm) | ၂၈၃၀ | ၂၈၈၀ | ၂၈၇၅ | ၂၈၄၀ | ၂၈၇၅ | ၂၉၀၀ | ၂၈၉၅ | ၂၈၆၅ | ၂၉၇၅ | ၂၉၇၀ | ၂၈၇၀ | ၂၈၈၀ | ၂၉၁၀ | ၂၉၁၅ | ၂၉၁၅ | ၃၁၃၅ | ၃၈၉၅ |
| HSD (50 ppm) | ၂၉၁၅ | ၂၉၆၅ | ၂၉၆၀ | ၂၉၂၅ | ၂၉၆၀ | ၂၉၈၅ | ၂၉၈၀ | ၂၉၅၀ | ၃၀၆၀ | ၃၀၅၅ | ၂၉၅၅ | ၂၉၆၅ | ၂၉၉၅ | ၃၀၀၀ | ၃၀၀၀ | ၃၂၂၀ | ၃၉၃၀ |
| HSD (10 ppm) | ၂၉၁၅ | ၂၉၆၅ | ၂၉၆၀ | ၂၉၂၅ | ၂၉၆၀ | ၂၉၈၅ | ၂၉၈၀ | ၂၉၅၀ | ၃၀၆၀ | ၃၀၅၅ | ၂၉၅၅ | ၂၉၆၅ | ၂၉၉၅ | ၃၀၀၀ | ၃၀၀၀ | ၃၂၂၀ | ၃၉၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၁၁ | ၂၃၉၀ |
| 95 Ron | ၂၄၀၀ | ၂၄၈၂ |
| HSD (500 ppm) | ၂၇၁၁ | ၂၇၉၄ |
| HSD (50 ppm) | ၂၇၉၁ | ၂၈၇၆ |
| HSD (10 ppm) | ၂၇၉၁ | ၂၈၇၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## “(၃၈) ဖြာ မင်္ဂလာအစီအစဉ်” ဆန်းသစ်တင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

**နေပြည်တော် စက်တင်ဘာ ၁၄**

လူငယ်လူရွယ်များနှင့် ကလေးငယ်များ ယဉ်ကျေးလိမ္မာစေရန်နှင့် အသိပညာဗဟုသုတ တိုးပွားစေရန်အပြင် ဓာတ်သဘင် ကြိုက်နှစ်သက်ကြသည့် မိဘပြည်သူများအတွက် “(၃၈) ဖြာ မင်္ဂလာ အစီအစဉ်” ဆန်းသစ်တင်ဆက်မှုကို မေ ၂၁ ရက်မှစတင်၍ အပတ်စဉ် စနေနေ့တိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ည ၈ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

### ဆက်လက်ပြသမည်

အဆိုပါ (၃၈) ဖြာမင်္ဂလာအစီအစဉ်များအနက် ဘဝတိုးတက်ရေးအတွက် အဆုံးအမများစွာ ပါဝင်သည့် **အရိယသစ္စာန ဒဿနံ (အရိယသစ္စာတရား လေးပါးကို သိမြင်ခြင်း)** အစီအစဉ်ကို စက်တင်ဘာ ၁၇ ရက် စနေနေ့ ည ၉ နာရီတွင် ဆက်လက်ပြသမည်ဖြစ်သည်။

ယင်းအစီအစဉ်တွင် ရွှေနန်းတင်မျိုးဆက် သဘင်ပညာရှင် ဦးနန်းဝင်းက ရေးသားပူဇော်ပြီး ရန်ကုန် ခူဝံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နက္ခတ်၊ ထက်မြတ်အောင်၊ ရန်ရှင်းမောင်၊ ခေတ်လင်း၊




ဖွေးဖွေး၊ ပန်းကဗျာနှင့် သဘင်ပညာရှင်များ၊ အနုပညာရှင်များ ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို စက်တင်ဘာ ၂၁ ရက် ဗုဒ္ဓဟူးနေ့ ညနေ ၆ နာရီ သတင်းအပြီးတွင် ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## “တူယှဉ်နွဲပျော်ဂီတပွဲတော်” သီချင်းဆိုပြိုင်ပွဲ Season-2 အုပ်စု(ခ) ပွဲစဉ် (၃) ကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်

**နေပြည်တော် စက်တင်ဘာ ၁၄**

(၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် “တူယှဉ်နွဲပျော် ဂီတပွဲတော်” Season–2 သီချင်းဆိုပြိုင်ပွဲကို ပွဲစဉ် (၁၈) ပွဲဖြင့် စက်တင်ဘာ ၂ ရက်မှ စတင်ပြီး အပတ်စဉ် သောကြာနေ့ ညတိုင်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များ အဖြစ် ထပ်ဆင့်အကယ်ဒမီ ချိုပြုံး၊ စန္ဒရား မျိုးနိုင်နှင့် တေးသံရှင်ခိုင်ဝါတို့က ဆောင်ရွက်ကြမည်ဖြစ်ပြီး မြန်မာ့အသံ တေးဂီတအဖွဲ့နှင့် တွဲဖက်၍ သရုပ်ဆောင်/တေးသံရှင်များဖြစ်ကြသည့် ဝေလျှံနှင့် သဥ္ဇာမြင့်မိုရ်တို့က အစီအစဉ် တင်ဆက်သူများအဖြစ် ဆောင်ရွက်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးချယ်ထားသည့် ပြိုင်ပွဲဝင် သုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိရာ ပြိုင်ပွဲ၏ ပွဲစဉ် (၃) ပထမဆင့် (Level –1) အုပ်စု (ခ) ပွဲစဉ်ကို စက်တင်ဘာ ၁၆ ရက် သောကြာနေ့ညတွင် ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ကချင်ပြည်နယ်မှ ထင်ဖေးအောင်၊ ရခိုင်ပြည်နယ်မှ ပန်းအိန္ဒယ်၊ ပဲခူးတိုင်းဒေသကြီးမှ မြတ်ကေခိုင်၊ ချင်းပြည်နယ်မှ မြင့်မြတ်သူ၊ မွန်ပြည်နယ်မှ အေးသက်ထားဇော်၊ မန္တလေးတိုင်းဒေသကြီးမှ သုနှင်းစံ၊ မကွေးတိုင်းဒေသကြီးမှ မြတ်နိုးစံ၊ ရှမ်းပြည်နယ်မှ အိုင်းစံနှင့် ရန်ကုန်တိုင်းဒေသကြီးမှ




ထွန်းပပအောင်၊ စုစုပေါင်းပြိုင်ပွဲဝင် ကိုးဦးတို့၏ ပြဋ္ဌာန်းတေးသီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ကြပုံများကို ယင်းနေ့ ည ၈ နာရီ သတင်းများအပြီးတွင် MRTV – HD မှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့တင်ဆက်မှုကို စက်တင်ဘာ ၁၈ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခန့်တွင် ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## သုတဝေဖြာ သီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ် လွှတ်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

**နေပြည်တော် စက်တင်ဘာ ၁၄**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ် (၈၃) ကို စက်တင်ဘာ ၁၆ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်–၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ ရဲထိုက်နှင့် ဖြူဖြူခိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လွှတ်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို စက်တင်ဘာ ၁၆၊ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD မှ ညနေ ၆ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယမြောက် အဲလိဇဘတ်ဘုရင်မကြီး၏ နိုင်ငံတော်စျာပန အခမ်းအနားသို့ ဂျပန်ဧကရာဇ်ဘုရင် နာရူဟီတိုနှင့် မိဖုရား မာဆာကိုတို့ တက်ရောက်မည်

တိုကျို စက်တင်ဘာ ၁၄

**ဗြိတိန်၏ ဒုတိယမြောက် အဲလိဇဘတ်ဘုရင်မကြီး၏ နိုင်ငံတော်စျာပနအခမ်းအနားသို့ ဂျပန်ဧကရာဇ်ဘုရင်ကြီး နာရူဟီတိုနှင့် မိဖုရား မာဆာကိုတို့ တက်ရောက်သွားမည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်၏ ဖော်ပြချက်အရ သိရသည်။**



ဂျပန်ဧကရာဇ်ဘုရင် နာရူဟီတိုနှင့် မိဖုရား မာဆာကို။

အဆိုပါဗြိတိန်၏ ဒုတိယမြောက် အဲလိဇဘတ်ဘုရင်မကြီး၏ နိုင်ငံတော်စျာပနအခမ်းအနားကို လာမည့်စက်တင်ဘာ ၁၉ ရက် (တနင်္လာနေ့) တွင် ပြုလုပ်သွားရန် စီစဉ်ထားကြောင်း သိရသည်။ ဗြိတိန်တော်ဝင်မိသားစု၏ နိုင်ငံတော်စျာပန အခမ်းအနားအတွက် ဖိတ်ကြားချက်ကို လက်ခံရရှိပြီးနောက် ဂျပန်အစိုးရသည် ဧကရာဇ်ဘုရင်ကြီးတို့ တက်ရောက်ရန် မေတ္တာရပ်ခံခဲ့ကြောင်း အစိုးရအဖွဲ့အတွင်းဝန်ချုပ် မာဆုနို ဟိရို ကာဇူက သတင်းထောက်များကို ပြောသည်။

လန်ဒန်ရှိ ဝက်မင်နစ္စတာ အက်ဘီ၌ ပြုလုပ်မည့် အဆိုပါနိုင်ငံတော်စျာပန အခမ်းအနားသို့ ကမ္ဘာတစ်ဝန်းရှိ တော်ဝင်မိသားစုများနှင့် အစိုးရအဖွဲ့အကြီးအကဲများ အပါအဝင် ဂုဏ်သရေရှိလူကြီးမင်းများ တက်ရောက်ဖွယ်ရှိကြောင်း သိရသည်။

ထို့ကြောင့် ဂျပန်ဧကရာဇ်ဘုရင် ဇနီးမောင်နှံသည် စက်တင်ဘာ ၁၇ ရက်တွင် နိုင်ငံမှ ထွက်ခွာပြီး စက်တင်ဘာ ၂၀ ရက်တွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ ဧကရာဇ်ဘုရင် ဇနီးမောင်နှံသည် ၂၀၁၉ ခုနှစ်တွင် နန်းတက်ပြီးနောက် ပထမဆုံး ပြည်ပခရီးစဉ်ဖြစ်လာမည်ဖြစ်သည်။ ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါသည် အဆိုပါနိုင်ငံတော်စျာပန အခမ်းအနားသို့ တက်ရောက်မည်မဟုတ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ပြင်သစ်နိုင်ငံ ဂျီရွန်ဒီဒေသတွင် တောမီးကြောင့် ကုန်းမြေဟက်တာ ၃၂၀၀ ကျော် မီးလောင်မှုဖြစ်ပွား

**ပါရီ စက်တင်ဘာ ၁၄**



ပြင်သစ်နိုင်ငံ အနောက်တောင်ပိုင်း ဂျီရွန်ဒီဒေသတွင် စက်တင်ဘာ ၁၂ ရက် နောက်ပိုင်း တောမီးကြောင့် ကုန်းမြေ ဟက်တာ ၃၂၀၀ ကျော် မီးလောင်မှုဖြစ်ပွားခဲ့ပြီး ဒေသရှိလူ ၈၄၀ ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း စက်တင်ဘာ ၁၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဂျီရွန်ဒီနှင့် အခြားဒေသများမှ မီးသတ်သမား ၉၀၀ ကျော် မီးငြိမ်းသတ်ရန် စုစည်းနိုင်ခဲ့ကြောင်းနှင့် အဆိုပါ မီးလောင်ကျွမ်းမှုဖြစ်ပွားရာနေရာသို့ မီးငြိမ်းသတ် ရဟတ်ယာဉ် သုံးစင်းကို နံနက်ပိုင်းကတည်းက ဖြန့်ကြက်ဆောင်ရွက်ထားကြောင်း သိရသည်။

ပြင်သစ်နိုင်ငံ၌ ယခုနှစ် နွေရာသီ၌ ပူပြင်းခြောက်သွေ့မှုနှင့် အပူလှိုင်းဖြစ်မှုကြောင့် ဂျီရွန်ဒီဒေသတွင် ကုန်းမြေဟက်တာ ၃၀၀၀၀ ကျော် လောင်ကျွမ်းပြီးဖြစ်ကြောင်း ဒေသတွင်း မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

**ဆင်ဟွာ**

## စင်ကာပူနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၂၄၂၆ ဦး တွေ့ရှိ

**စင်ကာပူ စက်တင်ဘာ ၁၄**

စင်ကာပူနိုင်ငံသည် စက်တင်ဘာ ၁၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၂၄၂၆ ဦး စစ်ဆေးတွေ့ရှိရသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါရောဂါကူးစက်ခံရသူ စုစုပေါင်း ၁၈၆၇၁၆၈ ဦး အထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကူးစက်ခံရသူများ အနက် ၂၄၁ ဦးသည် ပီစီအာရ် နည်းဖြင့် စစ်ဆေးတွေ့ရှိခြင်း ဖြစ်ပြီး ၂၁၈၅ ဦးသည် အေအာရ်တီ နည်းဖြင့် စစ်ဆေးတွေ့ရှိခြင်း ဖြစ်ကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ထုတ်ပြန်သော ကိန်းဂဏန်း အချက်အလက်အရ သိရသည်။ ပီစီအာရ်နည်းဖြင့် စစ်ဆေးတွေ့ရှိသည့် ၂၄၁ ဦး အနက် ၂၁၂ ဦးသည် ပြည်တွင်း ကူးစက်သူများဖြစ်ပြီး ကျန် ၂၉ ဦးသည် ပြည်ပပြန်ကူးစက်မှုဖြစ်ကြောင်း သိရသည်။



အေအာရ်တီနည်းဖြင့် စစ်ဆေးတွေ့ရှိသည့် ၂၁၈၅ ဦးအနက် ၁၉၅၄ ဦးသည် ပြည်တွင်း ကူးစက်မှုဖြစ်ပြီး ကျန် ၂၃၁ ဦးသည် ပြည်ပပြန်ကူးစက်မှုဖြစ်ကြောင်း သိရသည်။ စင်ကာပူနိုင်ငံ၌ စက်တင်ဘာ ၁၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ နှစ်ဦးရှိသည့်အတွက် နိုင်ငံတစ်ဝန်း အဆိုပါရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၆၀၄ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

**ဆင်ဟွာ**

### ပရာယွတ်ချန်အိုချာ၏ ဝန်ကြီးချုပ်သက်တမ်း ကန့်သတ်ချက်အမှု စက်တင်ဘာ ၃၀ တွင် စီရင်ချက်ချမည်

**ဘန်ကောက် စက်တင်ဘာ ၁၄ -** ပရာယွတ်ချန်အိုချာ၏ ဝန်ကြီးချုပ်သက်တမ်း ကန့်သတ်ချက်အမှုနှင့် ပတ်သက်ပြီး စက်တင်ဘာ ၃၀ ရက်တွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက စက်တင်ဘာ ၁၄ ရက်တွင် ကြေညာလိုက်သည်။

အပြီးသတ်စီရင်ချက်ချမှတ်ရန် တရားရုံးတွင် လုံလောက်သော သက်သေအထောက်အထားများရှိကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက စက်တင်ဘာ ၁၃ ရက်က ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။ လေ့လာဆန်းစစ်မှုများ ပြီးဆုံးခဲ့ပြီဖြစ်သည့်အတွက် တရားရုံးက အပြီးသတ်စီရင်ချက်ကို စက်တင်ဘာ ၃၀ ရက်တွင် အမိန့်ချမှတ်မည်ဖြစ်သည်။

အဆိုပါအမှုကိစ္စနှင့်ပတ်သက်ပြီး ဆွေးနွေးရန် စက်တင်ဘာ ၁၄ ရက်က အစည်းအဝေးတစ်ရပ်ကျင်းပပြီးနောက် ကြေညာချက် ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ အဆိုပါအမှုကိစ္စရှိနေစဉ်အတွင်း လက်ထောက်ဝန်ကြီးချုပ် ပရာဝတ်ဝေါင်ဆုဝမ်က ကြားဖြတ်ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

၂၀၁၄ အာဏာသိမ်းမှုပြီးဆုံးပြီးနောက် ပရာယွတ်ကို ကြားဖြတ်ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခဲ့ပြီး နောက်ပိုင်း ၂၀၁၄ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ထိုင်းနိုင်ငံ၏ ၂၉ ဦးမြောက်ဝန်ကြီးချုပ်အဖြစ် တော်ဝင်ထီးမွေနန်းလျာက ထောက်ခံခဲ့သည်။

**ဆင်ဟွာ**

### မြို့တော်ဒါကာ နေရာအများအပြား၌ မိုးသည်းထန်စွာရွာသွန်းပြီး မြေနိမ့်ဒေသများရေလွှမ်း

**ဒါကာ စက်တင်ဘာ ၁၄ -** ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာ၏ နေရာအများအပြားတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေနိမ့်ဒေသများ ရေလွှမ်းပြီး ယဉ်ကြောပိတ်ဆို့မှုများ ဖြစ်စေခဲ့သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း ရွာသွန်းခဲ့သောမိုးသည် မိုးရေချိန် ၅၃ မီလီမီတာရှိခဲ့ကြောင်း မိုးလေဝသဌာနက သတင်းထုတ်ပြန်ခဲ့သည်။ ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းမှုများ ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံတစ်ဝန်း မိုးရွာသွန်းမှုဒဏ်ကို ခံစားနေကြရသည်။

ထို့ပြင် နောက်ထပ် ၂၄ နာရီအတွင်း နေရာကွက်ကျား မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း ဘင်္ဂလားဒေ့ရှ် မိုးလေဝသဌာန ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**

# နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ရေးအရှိန်မြှင့်တင်ဆောင်ရွက်

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကူးစက်ပြန့်ပွားမှုသည် ပြည်တွင်းကူးစက်မှုများ ပိုမိုများပြားလာလျက်ရှိရာ အမြို့မြို့အနယ်နယ်၌ ကြိုတင်ကာကွယ်ရေးအစီအမံများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း ရောဂါကူးစက်မှု မဖြစ်ပွားရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်လျက်ရှိပါသည်။ မြို့နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေး ဆောင်ရွက်မှုများကို ဖော်ပြလိုက်ပါသည်။

## ဟိုပန်၌ ကျောင်းသား ကျောင်းသူများအား ထပ်ဆောင်းကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေး

**ဟိုပန် စက်တင်ဘာ ၁၄**

“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်၌ အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်းရှိ ကျောင်းသား ကျောင်းသူများအား ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက ကိုဗစ်- ၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ဟိုပန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာ ဆေးထိုးအဖွဲ့များက စက်တင်ဘာ ၁၃ ရက်က အ.ထ.က (ခွဲ)ကျောင်းများဖြစ်သည့် ရွှေဝါ၊ ပန်ကောက်၊ အ.လ.က(ကောင်းကော်)၊ မူလွန်ကျောင်းများဖြစ်သည့် မုန်းကွန်နှင့် လီရှောပန်ကောက် ကျေးရွာစာသင်ကျောင်း စုရပ်နေရာများ၌ ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးများ ကွင်းဆင်းထိုးနှံပေးခဲ့ရာ ကျောင်းသား ၃၀၀ နှင့် ကျောင်းသူ ၂၄၀ အား ထိုးနှံပေးခဲ့သည်။



ဟိုပန်မြို့နယ်၌ ကိုဗစ်- ၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးကို ယနေ့အထိ အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကျောင်းသား ကျောင်းသူ ၈၂၈ ဦးအား ထိုးနှံပြီး ဖြစ်ကြောင်းနှင့် ကျန်ရှိနေသူများအား ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း မြို့နယ်ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီထံမှ သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

## အိမ်မဲမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား ကိုဗစ်ကာကွယ်ဆေးများ အပိုထပ်ဆောင်းထိုးနှံပေး

**အိမ်မဲ စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ကာကွယ်ဆေးများကို အပိုထပ်ဆောင်းအနေဖြင့် အ-ထ-က (၁)ကျောင်း၌ စက်တင်ဘာ ၁၃ ရက်မှ စတင်ကာ ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကာကွယ်ဆေးထိုးနှံမှုများကို မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူများနှင့် အ-ထ-က (၁) ကျောင်းမှ ဆရာ ဆရာမများ ပူးပေါင်း၍ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၆၀၂ ဦးအား တစ်ရက်လျှင် နံနက်ပိုင်းတစ်သုတ်၊ နေ့လယ်ပိုင်းတစ်သုတ် နှစ်သုတ်ခွဲ၍ ထိုးနှံပေးခဲ့ကြသည်။

“သမီးကတော့ အ-ထ-က (၁) ကျောင်းက ကျောင်းသူတစ်ဦး ဖြစ်ပါတယ်။ ကိုဗစ်ကာကွယ်ဆေးဖြစ်တဲ့ Sinovac ကို ထိုးနှံပြီးတာ ခြောက်လပြည့်လို့ အပိုထပ်ဆောင်းအနေနဲ့ ဆက်လက်ထိုးနှံတာ ဖြစ်ပါတယ်။ အခုလို ကိုဗစ်ကာကွယ်ဆေးကို အပိုထပ်ဆောင်းအနေနဲ့ ကျောင်းအရောက်လာရောက်ထိုးနှံပေးတဲ့အတွက် သက်ဆိုင်ရာတာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်” ဟု အ-ထ-က (၁) ကျောင်းမှ ကျောင်းသူတစ်ဦးက ပြောသည်။ **ချစ်သက်လယ်(အိမ်မဲ)**



## ရန်ကင်းမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေးများအား ရာနှုန်းပြည့်ပြီးစီးရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ရန်ကင်း စက်တင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ ကိုဗစ်- ၁၉ရောဂါ ဖြစ်ပွားမှုများကို ထိန်းချုပ်နိုင်ရန်အတွက် ပြည်သူများအား ကိုဗစ်- ၁၉ ကာကွယ်ဆေး Sinopharm/Sinovac နှစ်ကြိမ်ထိုးနှံပြီး ခြောက်လပြည့်ပြီးသူများအား Booster(Sinovac) ထိုးနှံပေးပြီး Covishield နှစ်ကြိမ်ထိုးနှံပြီး ခြောက်လပြည့်ပြီးသူများအား Sinopharm ကာကွယ်ဆေးကို စက်တင်ဘာ ၁၂ ရက်က ရန်ကင်းမြို့နယ် အမှတ်(၁၄) ရပ်ကွက် မိုးကောင်းဘုရားလမ်း မိုးကောင်းဆုတောင်းပြည့်စေတီတော်ဝင်း အတွင်းရှိ အရိယာဓမ္မာရုံ၌ ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးများကို ဆက်လက်ထိုးနှံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ထိုသို့ ကာကွယ်ဆေးထိုးနှံရာတွင် အသက် ၁၈ နှစ်အထက်များကို ပထမအကြိမ် Covaxin ကာကွယ်ဆေးထိုးနှံပြီး အသက် ၁၅ နှစ်မှ အသက် ၁၈ နှစ်အတွင်း ကျောင်းပြင်ပကလေးများအား Sinovac ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ရာ ရန်ကင်းမြို့နယ်အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ၏ကြီးကြပ်မှုဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိပြီး ရန်ကင်းမြို့နယ်အတွင်း၌ ကာကွယ်ဆေးထိုးနှံခြင်းကို သက်ဆိုင်ရာဦးစားပေးအလိုက်၊ ဦးတည်အုပ်စုများအလိုက် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ရာနှုန်းပြည့်ပြီးစီးရေး ဆက်လက်ထိုးနှံပေးခဲ့သည်။ **အိရွှေစင်(ပြန်/ဆက်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ နှာခေါင်းစည်းကမ်ပိန်းဆောင်ရွက်

**မော်လမြိုင်ကျွန်း**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေးဌာန တာဝန်ရှိသူများက မြို့နယ်နေပြည်သူများ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် စက်တင်ဘာ ၁၄ ရက်က မြို့တွင်းလမ်းတစ်လျှောက် လူစည်ကားရာနေရာများ၌ နှာခေါင်းစည်းကမ်ပိန်း ပြုလုပ်ခဲ့သည်။

**အောင်အောင်(ပြန်/ဆက်)**



**ကျောက်ဆည်**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရေး မြို့နယ်ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဦးဆောင်မှုဖြင့် စက်တင်ဘာ ၁၄ ရက်က မြို့မဈေးနှင့် အေးမြကြည်လင်ဈေးတို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဆိုင်ရာ အသိပညာပေးနှိုးဆော်ခြင်းများနှင့် နှာခေါင်းစည်းအခု ၃၀၀၀ အခမဲ့ ဖြန့်ဝေခဲ့ကြောင်း သိရသည်။**သက်မောင် (ကျောက်ဆည်)**

**ဗန်းမော်**

ကချင်ပြည်နယ် ဗန်းမော်မြို့၌ မြို့နယ်ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ကိုဗစ်- ၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် အသိပညာပေးခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို စက်တင်ဘာ ၁၄ ရက်က ဗန်းမော်မြို့ ကမ်းနားဈေးနှင့် လူစည်ကားသည့်နေရာများ၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးမှူး ဦးသိန်းမောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ဒေသခံပြည်သူများ၊ ဈေးရောင်း ဈေးဝယ်ပြည်သူများ၊ ခရီးသွားပြည်သူများအား ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်- ၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ နေထိုင်လုပ်ကိုင်သွားလာစေရေးအသိပညာပေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေပေးခြင်း၊ နှာခေါင်းစည်းတပ်ဆင်ရေး အသိပညာပေးပြီး နှာခေါင်းစည်းအခုရေ ၂၀၀၀ ကို အခမဲ့ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၈၄ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ ၃ ဒသမ ၁၇ ရာခိုင်နှုန်းရှိ

### (၁၄–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများအောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၃–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄–၉–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၂,၁၂၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၈၄) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၃.၁၇) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၈၇၈,၈၈၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၇,၇၃၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈၉) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၄,၅၅၂) ဦးရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၄၄) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၃–၉–၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၄၆၁,၀၆၃) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေ စုစုပေါင်း (၆,၅၁၅,၅၂၂) ဦးတို့အား ထိုးနှံထားရှိပြီးဖြစ်ပါသည်။

**ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**

**(၁၃–၉–၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၄၆၁,၀၆၃ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၅၁၅,၅၂၂ |

မြန်မာနိုင်ငံတွင် (၂၈–၁–၂၀၂၂) ရက်နေ့မှ (၇–၉–၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူများ၏ (၈၀) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိဘဲ (၁၅.၉) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး (၁) ကြိမ်ထိုးနှံထားပြီး (၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားရှိ၍ (၀.၁) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကိုဗစ်–၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ**

| ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ၏ | | | |
|---|---|---|---|
| ၈၀ ရာခိုင်နှုန်းသည် | ၁၅.၉ ရာခိုင်နှုန်းသည် | ၄ ရာခိုင်နှုန်းသည် | ၀.၁ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝ ထိုးနှံထားခြင်း မရှိသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး (၁) ကြိမ် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြပါသည်။ |

မြန်မာနိုင်ငံတွင် (၂၈–၁–၂၀၂၂) ရက်နေ့မှ (၇–၉–၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူများ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူများ၏ (၈၄.၁) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး လုံးဝ ထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၄.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားရှိသူများဖြစ်ကာ (၁.၅) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူများနှင့် ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ**

| ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူများ၏ | | |
|---|---|---|
| ၈၄.၁ ရာခိုင်နှုန်းသည် | ၁၄.၄ ရာခိုင်နှုန်းသည် | ၁.၅ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝ ထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်း မရှိသူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများ ဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြပါသည်။ |

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုတို့ကို လေ့လာသုံးသပ်ချက်အရ ကာကွယ်ဆေးထိုးနှံထားသူများတွင် ကိုဗစ်–၁၉ ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုကိုလျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်းဖြင့်လည်း ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုကိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရသည်ဖြစ်ရာ မိဘပြည်သူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို စနစ်တကျတပ်ဆင်ခြင်းနှင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို မပျက်မကွက်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၁၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်ငါးနှစ်မှ ၁၂ နှစ်အထက် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၂၅၀၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၃၁၁၁၂ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်၌ ဒေသခံပြည်သူ ၁၇၁၄ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်၌ ဒေသခံပြည်သူ ၁၃၅၀၆ ဦးနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူ ၁၀၈ ဦး တို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ကျောင်းသား ကျောင်းသူ ၂၇၀၁ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်၌ ကျောင်းသား ကျောင်းသူ ၃၂၁၈ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်၌ ကျောင်းသား ကျောင်းသူ ၈၈၈ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများလက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ခရိုင်များအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် ပန်းတနော်မြို့တို့ရှိ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ ဈေးဝယ်စင်တာများ၊ ဆိပ်ကမ်းများနှင့် လူသွားလူလာများပြားသည့် နေရာများတွင် LED ကြော်ငြာဘုတ်များဖြင့် ကိုဗစ်– ၁၉ ရောဂါနှင့်ပတ်သက်၍ အသိပညာပေးခြင်း၊ နှာခေါင်းစည်းတပ်ဆင်၍ သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာ့စာတတ်မြောက်မှုနည်းလမ်းမှသည် ကမ္ဘာ့ကလေးများ အသက်ရှင်ရေးဆီသို့ . . .

ဒေါက်တာမောင်သင်း

**နိုင်ငံတကာစာတတ်မြောက်ရေး ကြိုးပမ်းမှုသည် ၁၉၆၅ ခုနှစ် စက်တင်ဘာ ၈ ရက်မှစ၍ ၁၂ ရက်တိုင်တိုင် အီရန်နိုင်ငံ တီဟီရန်မြို့၌ "ကမ္ဘာ့စာတတ်မြောက်ရေးကွန်ဂရက် (World Literacy Congress)" ကြီးတစ်ရပ် ကျင်းပခဲ့ရာမှ စတင်ခဲ့ပါသည်။ ထိုပထမဆုံး စာမတတ်သူပပျောက်ရေး ကမ္ဘာ့ညီလာခံကြီး ကျင်းပသည့်နေ့ကို ဂုဏ်ပြု၍ နှစ်စဉ် စက်တင်ဘာ ၈ ရက်ကို "နိုင်ငံတကာ စာတတ်မြောက်ရေးနေ့" ဟု ၁၉၆၆ ခုနှစ်တွင် ကျင်းပခဲ့သော ယူနက်စကို အထွေထွေ ညီလာခံကြီးက ပြဋ္ဌာန်းသတ်မှတ်ခဲ့ပါသည်။**

**"မြန်မာ့လူ့အဖွဲ့အစည်းတွင် မြန်မာတို့သည် ယောကျ်ားကလေးများအား မြန်မာ ဘုန်းတော်ကြီးကျောင်းများသို့ စာသင်ကြားရန် စေလွှတ်လျက်ရှိသည့် အလေ့အကျင့်ကောင်းတစ်ရပ်ရှိကြောင်း၊ ထိုဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသည် ယနေ့တိုင်လည်း သင်ကြားပေးလျက်ရှိသဖြင့် မြန်မာ့ပညာရေးသည် ဘုန်းတော်ကြီးကျောင်း ပညာရေးတွင် အခြေခံပြီး ဖွံ့ဖြိုးလာခြင်းဖြစ်ကြောင်းနှင့် ဘုန်းတော်ကြီးကျောင်းများ၏ ကျေးဇူးကြောင့် မြန်မာတို့ စာတတ်မြောက်မှုနှုန်းသည် သိသိသာသာ မြင့်မားနေကြောင်း" ဟူ၍ ရေးသားထားမှုက ကိုယ့်ထီးကိုယ့်နန်းနှင့် အုပ်စိုးစဉ်အချိန်ကပင် မြန်မာတို့သည် ဘုန်းတော်ကြီးကျောင်းများ၏ ကျေးဇူးကြောင့် စာတတ်မြောက်မှုနှုန်း မြင့်မားခဲ့ကြောင်းကို ဂုဏ်ယူဖွယ်ရာ တွေ့ရှိ"**

မြန်မာနိုင်ငံအနေဖြင့်လည်း ယူနက်စကို အဖွဲ့ဝင်နိုင်ငံဖြစ်သဖြင့် နိုင်ငံတကာ စာတတ်မြောက်ရေးကြိုးပမ်းမှုလုပ်ငန်းစဉ်တွင် ပါဝင်လှုပ်ရှားခဲ့ပေသည်။ တကယ်တော့ ထို့အဖွဲ့ဝင်မဖြစ်မီ ကိုယ့်ထီးကိုယ့်နန်းဖြင့် တင့်တင့်တယ်တယ် နေကတည်းကပင် မြန်မာလူမျိုးတို့၏ စာတတ်မြောက်ရေးကို ကြိုးပမ်းမှုသည် ထင်ရှားခဲ့ပါသည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် **"စာမတတ်လျှင် အကန်း"** ဟူသည့် အဆိုတစ်ရပ်ကို လက်ခံကျင့်သုံးပြီး စာပေတတ်မြောက်မှုကို ကြိုးပမ်းခဲ့၍ ခေတ်အဆက်ဆက် စာတတ်မြောက်မှုနှုန်း မြင့်မားခဲ့ကြောင်း လေ့လာတွေ့ရှိရပေသည်။ ယနေ့ခေတ်တိုင်အောင် မြန်မာ့စာတတ်မြောက်ရေး လုပ်ငန်းစဉ်သည် ရှင်သန်လျက်ရှိနေပါသည်။

**မြန်မာတို့၏ ဂုဏ်ယူဖွယ်ရာ စာတတ်မြောက်ရေး ကြိုးပမ်းမှု**

**(က) စာတတ်မြောက်မှု အစောဆုံးမှတ်တမ်း**

၁၉၄၇ ခုနှစ် ယူနက်စကို၏ အစီရင်ခံစာတွင် **"မြန်မာနိုင်ငံ စာတတ်မြောက်မှုနှင့် ပတ်သက်၍ အစောဆုံးမှတ်တမ်းမှာ ခရစ်နှစ် ၁၅၆၀ ပြည့်နှစ် ပဲခူးသို့ လာရောက်သည့် ခရီးသွားတစ်ဦးက ရေးသားထားမှုတွင် တွေ့ရှိရကြောင်း၊ ထိုမှတ်တမ်း၌ မြန်မာ့လူ့အဖွဲ့အစည်းတွင် မြန်မာတို့သည် ယောကျ်ားကလေးများအား မြန်မာဘုန်းတော်ကြီး ကျောင်းများသို့ စာသင်ကြားရန် စေလွှတ်လျက်ရှိသည့် အလေ့အကျင့်ကောင်းတစ်ရပ်ရှိကြောင်း၊ ထိုဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသည် ယနေ့တိုင်လည်း သင်ကြားပေးလျက်ရှိသဖြင့် မြန်မာ့ပညာရေးသည် ဘုန်းတော်ကြီးကျောင်း ပညာရေးတွင် အခြေခံပြီး ဖွံ့ဖြိုးလာခြင်းဖြစ်ကြောင်းနှင့် ဘုန်းတော်ကြီးကျောင်းများ၏ ကျေးဇူးကြောင့် မြန်မာတို့ စာတတ်မြောက်မှုနှုန်းသည် သိသိသာသာ မြင့်မားနေကြောင်း"** ဟူ၍ ရေးသားထားမှုက ကိုယ့်ထီးကိုယ့်နန်းနှင့် အုပ်စိုးစဉ် အချိန်ကပင်မြန်မာတို့သည် ဘုန်းတော်ကြီးကျောင်းများ၏ ကျေးဇူးကြောင့် စာတတ်မြောက်မှုနှုန်း မြင့်မားခဲ့ကြောင်းကို ဂုဏ်ယူဖွယ်ရာ တွေ့ရှိရပေသည်။

**( ခ ) အင်္ဂလန်ထက် စာတတ်မြောက်မှုနှုန်းမြင့်သည့် မြန်မာနိုင်ငံ**

စစ်ပြီးခေတ်နှင့် လွတ်လပ်ရေးအစဦးကာလ မြန်မာနိုင်ငံအစိုးရ၏ **"(၈) နှစ်တာ ပညာရေး အစီရင်ခံစာ (၁၉၄၇-၄၈ မှ ၁၉၅၄-၅၅ ခုနှစ်ထိ)"** တွင် မြန်မာနိုင်ငံ သုတေသနအသင်းကို ဦးစီးတည်ထောင်ခဲ့သည့် မစ္စတာဖာနီဘယ် (Mr. J.S. Furnivall) သည် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှင့် ပတ်သက်၍ ၁၉၃၁ ခုနှစ်တွင် အောက်ပါအတိုင်း ရေးသားခဲ့သည်ဟု ဖော်ပြခဲ့ပါသည် -

**"၁၈၃၁ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပထမဆုံး ကော်မရှင်နာမင်းကြီးက မြန်မာနိုင်ငံ အောက်ပိုင်း၏ ပညာရေးနှင့် ပတ်သက်၍ အစီရင်ခံခဲ့သည်မှာ မြန်မာတိုင်းလိုလို စာရေး၊ စာဖတ်တတ်မြောက်ကြပါသည်။ သေချာသည့် အချက်တစ်ချက်မှာ မြန်မာတို့၏ စာရေး၊ စာဖတ်တတ်မြောက်မှုနှုန်းသည် အင်္ဂလန်နိုင်ငံသားတို့ထက် များစွာသာလွန်နေသည့် အချက်ပင်ဖြစ်ပါသည်။"**

၁၈၃၁ ခုနှစ်သည် မြန်မာ့သမိုင်းတွင် ကုန်းဘောင်ခေတ်နှောင်းပိုင်းဖြစ်၍ ၁၈၂၄ ခုနှစ် နောက်ပိုင်းတွင် အောက်မြန်မာပြည်ဖြစ်သည့် တနင်္သာရီနှင့် ရခိုင်တို့ကို အင်္ဂလိပ်တို့က သိမ်းပိုက်ထားပြီးဖြစ်ပါသည်။ ၁၈၃၁ ခုနှစ် အစီရင်ခံစာကို ရေးသားသူမှာ အင်္ဂလိပ်အစိုးရ၏ ပထမဆုံး မြန်မာနိုင်ငံတော်ဆိုင်ရာ ကော်မရှင်နာမင်းကြီး ဖြစ်ပါသည်။ ၁၉၃၁ ခုနှစ်တွင် စာတမ်းတင်သွင်းသူ မစ္စတာ ဖာနီဘယ်သည်လည်း ဗြိတိသျှလူမျိုးဖြစ်ပြီး ယခင်က အင်္ဂလိပ်ပဒ္မိုညာဉ်ခံ ထိပ်တန်းအရာရှိကြီးတစ်ဦးဖြစ်၍ အဆိုပါ ဗြိတိသျှလူမျိုးနှစ်ဦး၏ မှတ်တမ်းတွင် **"မြန်မာ့စာတတ်မြောက်မှုနှုန်း အလွန်မြင့်မားသည်"** ဟု ရေးသားထားခြင်းက မြန်မာတို့၏ ကုန်းဘောင်ခေတ် စာတတ်မြောက်မှုနှုန်း မြင့်မားမှုသမိုင်းကို ပြဆိုနေခြင်းဖြစ်ပါသည်။

**( ဂ ) မြန်မာတို့သည် သင်ယူလိုစိတ်ရှိသူများပါ**

လွတ်လပ်ရေးရပြီးနောက် ဖဆပလခေတ်တွင် နိုင်ငံတော်ဝန်ကြီးချုပ်မှာ ဦးနုဖြစ်ပါသည်။ သူ၏ နိုင်ငံတော်တည်ဆောက်ရေးအတွက် ထင်ရှားသော စကားမှာ **"နိုင်ငံတော်ကို ဖိုးသုညတွေနှင့် တည်ဆောက်၍ မအောင်မြင်နိုင်"** ဟူ၍ပင် ဖြစ်ပါသည်။ သို့ဖြစ်၍ လွတ်လပ်ရေးရသည့်နှစ်မှာပင် **"လူထုပညာအက်ဥပဒေ"** ကို ပြဋ္ဌာန်းခဲ့ပါသည်။ ၁၉၄၉ ခုနှစ်တွင် **"လူထုပညာရေးကောင်စီ"** ကို ဖွဲ့စည်းခဲ့ပြီး **"အသုံးလုံး"** သင်တန်းကို စတင်ဖွင့်လှစ်ပို့ချခဲ့ပါသည်။ ၁၉၅၂ ခုနှစ်တွင် **"ဘဝသစ်ပညာရေး စီမံကိန်း"** ကို ချမှတ်ကာ ကျောင်းများ တိုးချဲ့ဖွင့်လှစ်ခဲ့ပါသည်။

ဤကာလတွင် မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများသို့ လာရောက်လေ့လာသည့် သတင်းထောက် Ronald Stead က ပြင်သစ်နိုင်ငံ ပဲရစ်မြို့ရှိ ယူနက်စကို ဌာနချုပ်သို့ **"Burma wants to Learn (မြန်မာတို့သည် သင်ယူလိုစိတ်ရှိသူများပါ)"** ဟူသည့် အစီရင်ခံစာကို ရေးသားပေးပို့ခဲ့ပါသည်။ ထိုအစီရင်ခံစာတွင် **"တောင်နှင့် အရှေ့တောင် အာရှနိုင်ငံများတွင် စာတတ်မြောက်မှုနှုန်းမှာ ၂၀ ရာခိုင်နှုန်းမျှသာရှိသော်လည်း မြန်မာနိုင်ငံတွင် ၃၆ ရာခိုင်နှုန်းရှိနေရခြင်း၏အခြေခံအကြောင်းတရားမှာ လူဦးရေ ၁၉ သန်းခန့်ရှိသည့် မြန်မာနိုင်ငံ၌ လူ ၁၀ ဦးတွင် ရှစ်ဦးက ဗုဒ္ဓဘာသာဖြစ်နေကြောင်း ဖြစ်ပါသည်"** ဟု ဖော်ပြထားရာ ဘုန်းတော်ကြီးကျောင်းများက စာရေး၊ စာဖတ်သင်ပေးခြင်းကြောင့်သာ ဖြစ်ကြောင်း မြင်မိပါသည်။

ထို့အပြင် **"မြန်မာတို့သည် သင်ယူလိုစိတ်ရှိသူများပါ"** ဟု ခေါင်းစဉ်တပ်၍ ယူနက်စကိုသို့ အစီရင်ခံစာ တင်သွင်းရခြင်းမှာ ပြည်တွင်းသောင်းကျန်းမှုများ ပြည့်နေသည့် လွတ်လပ်ရေးရပြီးခါစအချိန်တွင် မြန်မာနိုင်ငံအစိုးရအဖွဲ့အနေဖြင့် အထက်ဖော်ပြပါ လူထုပညာအက်ဥပဒေပြဋ္ဌာန်းခြင်း၊ လူထုပညာရေး ကောင်စီဖွဲ့စည်းခြင်းနှင့် **"ဘဝသစ်ပညာရေးစီမံကိန်း"** ကို ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်မှုကို တွေ့ရှိရပြီး လက်တွေ့ဆောင်ရွက်နေမှုတို့ကြောင့် ရည်ညွှန်းခဲ့ဟန်တူပါသည်။

ကုန်းဘောင်ခေတ်နှောင်းကာလ ၁၈၃၁ ခုနှစ်တွင် ၈၅ ရာခိုင်နှုန်းကျော် စာတတ်မြောက်ရာမှ ၁၉၅၀ ပြည့်နှစ် ဝန်းကျင်တွင် ၃၆ ရာခိုင်နှုန်းသာ မြန်မာများ စာတတ်မြောက်ခဲ့ရခြင်းသည် သမိုင်း၏ ဆိုးမွေဟုသာ ကျွန်တော်တို့ သင်ခန်းစာယူခဲ့ကြကာ စာတတ်မြောက်မှုနှုန်း မြင့်မားလာအောင် ပြန်လည်ကြိုးပမ်းခဲ့ကြပေသည်။ ၁၉၅၁ ခုနှစ်တွင် ပညာရေး ပြဿနာများကို မြန်မာနိုင်ငံတွင် လေ့လာခဲ့သည့် ယူနက်စကိုပညာရေး မစ်ရှင်အဖွဲ့၏ အစီရင်ခံစာတွင် **"မြန်မာနိုင်ငံ တိုးတက်ကြီးပွားရေးသည် ပညာရေးကောင်းမွန်မှုအပေါ်တွင် အမှီသဟဲပြုနေကြောင်း အစိုးရက တထစ်ကျ အသိအမှတ်ပြုထား၏။ တိုင်းသူပြည်သားတို့၏ အလိုဆန္ဒအတိုင်း ပြည့်ဝစေရန် ရည်ရွယ်ချက်ထားကာ ပညာသင်ကြားရေးစီမံကိန်းများ ရေးဆွဲလျက် ဆောင်ရွက်ပေးရန် သန္နိဋ္ဌာန်ချထားသောအစိုးရအား ဤယူနက်စကို ပညာရေးမစ်ရှင်အဖွဲ့က ချီးကျူးပါ၏"** ဟု ဖော်ပြထားခြင်းက မြန်မာများ စာတတ်မြောက်မှုနှုန်း မြင့်မားအောင် လွတ်လပ်ရေးခေတ်ဦးကပင်ကြိုးပမ်းနေကြောင်း လေ့လာတွေ့ရှိရပေသည်။

**(ဃ) ဘတ်ဂျက်မလိုပါ၊ ခွင့်ပြုချက်သာလိုသည့် စီမံကိန်း**

တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် ပညာရေးနှင့် ကျန်းမာရေး တာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်နေသည့် ဗိုလ်မှူးကြီးလှဟန်အား ပညာရေးအထူးအရာရှိ ဆရာကြီး ဦးသံဖျင်က တွေ့ဆုံခွင့်တောင်း၍ မြန်မာနိုင်ငံတွင် စာတတ်မြောက်ရေး ဆောင်ရွက်မည့် အစီအစဉ်ကို တင်ပြခဲ့ပါသည်။ ဗိုလ်မှူးကြီးလှဟန်က **"ကောင်းလိုက်တဲ့ စီမံချက်ပါ ဆရာကြီး၊ ဒါပေမယ့် ဒီနှစ်မှာ ဘတ်ဂျက်ထဲ မထည့်ထားတဲ့အတွက် နောက်နှစ်မှ ဆောင်ရွက်ရလိမ့်မယ်ထင်တယ်"** ဟု ဖြေကြားရာ ဆရာကြီးက **"တာဝန်ခံကြီးခင်ဗျာ ကျွန်တော်ဘတ်ဂျက်မလိုပါ၊ တာဝန်ခံကြီးရဲ့ ခွင့်ပြုချက်သာလိုပါတယ် ခင်ဗျာ"** ဟု ပြောကြားခဲ့ပါသည်။

**( င ) လူထုလှုပ်ရှားမှု စီမံကိန်း**

ပညာရေးတာဝန်ခံက **"ဒါဆို ဘယ်လို ဆောင်ရွက်မှာလဲ ဆရာကြီး"** ဟု မေးမြန်းရာ **"ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်ပါမည်"** ဟု ဆရာကြီးက ဆောင်ရွက်မည့် အစီအစဉ်ကို အကျဉ်းချုံး ပြောပြရာ **"ဘတ်ဂျက်မလိုဘဲ ဆောင်ရွက်နိုင်လျှင် ဆောင်ရွက်ပါခင်ဗျာ၊ ခွင့်ပြုပါသည် ဆရာကြီး"** ဟု ပညာရေးတာဝန်ခံက ပြန်လည်ပြောကြားခဲ့ပါသည်။ ဉာဏ်ပြေးသည့် ပညာရေးပညာရှင်ကြီးနှင့် အမြော်အမြင်ကြီးသည့် ပညာရေးတာဝန်ခံတို့၏ ထိုနေ့လုပ်ရပ်လေးသည် မြန်မာမှသည် ကမ္ဘာတစ်လွှားသို့ ယနေ့တိုင် ခရီးဆက်နေကြောင်းကို ဆက်လက်ဖော်ပြသွားပါမည်။

ဘတ်ဂျက်သည် အဓိကမဟုတ်၊ ဉာဏ်ပညာနှင့် စေတနာကသာ အဓိကဖြစ်ကြောင်း မြန်မာ့ပညာရေး သမိုင်းတွင် ကမ္ပည်းမော်ကွန်းထိုးခဲ့ခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် မြန်မာနိုင်ငံ၏ ယူနက်စကိုအစီအစဉ်ဖြင့် စေတနာ့ဝန်ထမ်း စာတတ်မြောက်ရေး လှုပ်ရှားမှုကို ၁၉၆၄ ခုနှစ်နှင့် ၁၉၆၅ ခုနှစ် နွေရာသီကာလများတွင် ကံဘဲ့ဆရာအတတ်သင် သိပ္ပံကျောင်းမှ ကျောင်းသားလေးဦး၏ စေတနာလုပ်အားဖြင့် မိတ္ထီလာမြို့နယ် အရှေ့စံပြကျေးရွာတွင် စတင်စမ်းသပ်ဆောင်ရွက်ခဲ့ပါသည်။ ယင်းနောက် လူထုလှုပ်ရှားမှုအသွင်ဖြင့် ၁၉၆၉ ခုနှစ်တွင် စီမံကိန်းမြို့နယ်များကို သတ်မှတ်ပြီး ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံ စာတတ်မြောက်မှု၏ ထူးခြားချက်အနေဖြင့် နိုင်ငံတော်က ဘတ်ဂျက် လုံးဝကျခံခဲ့ခြင်း မရှိခဲ့ပါ။ အကောင်အထည်ဖော် ဆောင်ရွက်သည့် ဒေသများမှ ကျခံသုံးစွဲရပါသည်။ ထို့ပြင် -

(၁) စီမံကိန်းမြို့နယ် ဒေသရွေးချယ်သတ်မှတ်ခြင်း၊

(၂) စေတနာ့ဝန်ထမ်း လုပ်ငန်းဖြစ်ခြင်း၊

(၃) ဒေသခံပြည်သူများနှင့် တစ်နိုင်ငံလုံးရှိ ရဟန်းရှင်လူ ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်ခြင်း၊

(၄) စီမံကိန်းမြို့နယ်များတွင် နှစ်လုံးပေါက် သင်ကြားရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(၅) လူထုလှုပ်ရှားမှုလုပ်ငန်းအဖြစ် တက်ကြွစွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

*စာမျက်နှာ ၁၇ သို့*

## မက်မန်းမြို့၌ Cash For Work စီမံကိန်းဖြင့် ဆောင်ရွက်နေသော ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းစစ်ဆေး

**မက်မန်း စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့၌ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် Cash For Work စီမံကိန်းဖြင့် အေးကျန့်ကျေးရွာအုပ်စု မွန်နိုးကျေးရွာ၌



အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မက်မန်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စက်တင်ဘာ ၁၂ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဆန်းမင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းလင်းအောင်နှင့်အဖွဲ့ဝင်များက အေးကျန့်ကျေးရွာ အုပ်စု မွန်နိုးကျေးရွာတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို အရည်အသွေး ပြည့်မီစွာနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့ကာ လိုအပ်သည်များ မှာကြားခဲ့ပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမိုင်းညီဇော်လှအောင်က သိရှိလိုသည်များ လိုက်လံရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

**စိုင်းရွှေအောင်**
**(ပြန်/ဆက်)**



**အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၈) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မင်္ဂလာဒုံ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ထက်ဝင်း ဦးဆောင်သော ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မင်္ဂလာဒုံမြို့နယ်နှင့် ရွှေပြည်သာမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးရှိ ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၂ ရက်တွင် အမှတ် (၁) တပ်မတော်စစ်ဆေးရုံကြီး မင်္ဂလာဒုံ၌ စုပေါင်း သွေးလှူဒါန်းကြစဉ်။**

မြို့နယ် (ပြန်/ဆက်)

*စာမျက်နှာ ၁၆ မှ*

စည်းရုံးလှုပ်ရှားရေးကို နည်းမျိုးစုံဖြင့် ဆောင်ရွက်ခဲ့ကြပါသည်။ ပို့စကတ်များ၊ ရင်ထိုးတံဆိပ်များ၊ အလံငယ်များ၊ ယပ်တောင်၊ လွယ်အိတ်၊ ဦးထုပ်၊ သော့ချိတ်များ စသည်ဖြင့် ပြုလုပ်ကာ ရန်ပုံငွေရှာခဲ့ကြပါသည်။ သင်ကြားရေး အထောက်အကူပစ္စည်းများဖြစ်သည့် မြေဖြူ၊ ကျောက်သင်ပုန်း၊ ကျောက်တံ၊ ဗလာစာအုပ်၊ ဖယောင်းတိုင်၊ မီးအိမ် စသည်တို့ကို ပြည်သူများက လှူဒါန်းခဲ့ကြပါသည်။ ပန်းချီ၊ ပိုစတာ၊ သတင်းစာ၊ ဂျာနယ်၊ လက်ကမ်းစာစောင်၊ သီချင်း၊ သတင်းစဉ်၊ ရုပ်ရှင် (အထင်ရှားဆုံးမှာ ဆရာကြီး ဦးသုခ၏ မန္တလေးတိုင်းအတွင်းရှိ ကျောက်ပန်းတောင်းမြို့နယ်ကို အခြေခံထားသည့် **“ဘယ်သူပြိုင်လို့ လှပါတော့နိုင်”** ဖြစ်ပါသည်) ရုပ်ရှင်အငြိမ့်ဇာတ် သဘင်၊ ဆိုင်း၊ တီးဝိုင်း စသည်တို့ကို အသုံးပြု၍ စည်းရုံးခဲ့ကြပါသည်။

ထိုစဉ်ကာလ တက္ကသိုလ်၊ ကောလိပ် သိပ္ပံကျောင်းများမှကျောင်းသားကျောင်းသူများကလည်း နွေရာသီကျောင်းပိတ်ရက် ကာလအတွင်း သက်ဆိုင်ရာ စာတတ်မြောက်ရေးမြို့နယ်များသို့ သွားရောက်လုပ်အားပေးခဲ့ကြရာ ၁၉၆၉ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ **“စေတနာလုပ်အားပေး ဆရာ”** ၈၈၃၉၇၆ ဦး ရှိခဲ့ပေသည်။ သူတို့သည် ပြည်သူနှင့် တစ်သားတည်း နေထိုင်ကာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးခဲ့သည်။

**ဘတ်ဂျက်မလိုသည့် မြန်မာ့စာတတ်မြောက်ရေး စီမံကိန်း၏ အောင်မြင်မှု**

နိုင်ငံတကာ စာတတ်မြောက်ရေး အစီအစဉ်အရ အကောင်အထည်ဖော် ဆောင်ရွက်သည့် ကာလ ၁၉၆၉ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ သက်ကြီးစာတတ်မြောက်သူဦးရေ ၂၀၀၃၈၄၇ ဦးရှိခဲ့ပါသည်။ တိုင်း/ပြည်နယ်လုံးကျွတ် စာတတ်မြောက်မှု ခြောက်ခုရှိပြီး မြို့နယ်ပေါင်း ၂၄၇ မြို့နယ်တွင် မြို့နယ်လုံးကျွတ် စာတတ်မြောက်ခဲ့ပေသည်။ ဆရာကြီး ဦးသောင်းထွန်းက ၁၉၈၄ ခုနှစ်တွင် အနောက်ဘာလင်၌ ကျင်းပသည့် စာတတ်မြောက်ရေးညီလာခံသို့ **“Burmese Way to Literacy”** စာတမ်းကိုတင်သွင်းရာ ဘတ်ဂျက်မလိုသည့် စေတနာ့ဝန်ထမ်း လူထုလှုပ်ရှားမှု၊ စာတတ်မြောက်ရေး လှုပ်ရှားမှုကို အထူးအံ့သြခဲ့ကြပါသည်။ ကမ္ဘာကလည်း သိသွားကြပါသည်။

သို့ပါ၍ (က) ၁၉၇၁ ခုနှစ်တွင် **“နိုင်ငံတကာ စာတတ်မြောက်ရေးလှုပ်ရှားမှုအတွက် ယူနက်စကိုမှ ချီးမြှင့်သည့် မိုဟာမက်ရေဇာပါလဗီရ်ဆု (The Mohammad Reza Pahlavi Prize)”** နှင့်

( ခ ) ၁၉၈၃ ခုနှစ်တွင် **“နိုင်ငံတကာ စာတတ်မြောက်ရေး၊ သက်ကြီးဖတ်စာများ၊ စာစဉ်များအတွက် ယူနက်စကိုမှ နိုမာဆု (Norma Prize)”** တို့ကို ဆွတ်ခူးရရှိခဲ့ပေသည်။

**မြန်မာ့ ဦးသံဗျင်မှသည် ကမ္ဘာတစ်လွှားမှ ယူနီဆက်နိုင်ငံများဆီသို့**

မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေး လှုပ်ရှားမှုသည် စေတနာ့ဝန်ထမ်း လူထုလှုပ်ရှားမှုတစ်ရပ်အဖြစ် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းသည် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှု လုပ်ငန်းလောက်တွင်သာ ရပ်မနေခဲ့ပါ။ ကမ္ဘာတစ်လွှားသို့ ဆက်လက်ချီတက်ခဲ့ပေသည်။ ထိုလုပ်ငန်းအစတွင် ပညာရေးတာဝန်ခံမှာ ဗိုလ်မှူးကြီးလှဟန်ဖြစ်သော်လည်း နောက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒ ပါမောက္ခ ဒေါက်တာ ညီညီက လွှဲပြောင်းတာဝန်ယူခဲ့သဖြင့် မြန်မာနိုင်ငံ စာတတ်မြောက်ရေးလုပ်ငန်းများတွင် ပါဝင်တာဝန်ယူခဲ့ရပေသည်။

ဆရာကြီး ဒေါက်တာညီညီသည် ပြည်တွင်းတာဝန်ထမ်းဆောင်မှုမှ အငြိမ်းစားယူပြီးနောက် **“ကမ္ဘာ့ကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)”** တွင် ညွှန်ကြားရေးမှူးအဖြစ် သွားရောက်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုတာဝန်ထမ်းဆောင်နေစဉ်အတွင်း မြန်မာ ဦးသံဗျင်၏ စေတနာ့ဝန်ထမ်းနှင့် လူထုလှုပ်ရှားမှုနည်းလမ်းကို ကမ္ဘာ့ကလေးများ ရန်ပုံငွေအဖွဲ့တွင် လက်တွေ့အသုံးပြုခဲ့ပါသည်။ တစ်နှစ်အောက်ကလေးများအား ကာကွယ်ဆေးခြောက်မျိုးကို နှစ်စဉ်ဆေးထိုးနှံခြင်းနှင့် တိုက်ကျွေးခြင်းလုပ်ငန်းများကို လူထုလှုပ်ရှားမှု အသွင်ဖြင့် ဆောင်ရွက်ခဲ့ပေသည်။ ထိုသို့ဆောင်ရွက်မှုကြောင့် ယခင်က တစ်ကမ္ဘာလုံးတွင် တစ်နှစ်အောက်ကလေးများ ၁၅ ရာခိုင်နှုန်းသာ ကာကွယ်ဆေးထိုးနှံခြင်း၊ တိုက်ကျွေးခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ရာမှ ငါးနှစ်အတွင်း တစ်ကမ္ဘာလုံးတွင် တစ်နှစ်အောက်ကလေးများ ၈၀ ရာခိုင်နှုန်းကျော်အထိ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါသဖြင့် တစ်နှစ်မပြည့်မီ တစ်ကမ္ဘာလုံးတွင် ကလေးများ သန်းနှင့်ချီ၍ သေဆုံးမှုနှုန်း လျော့နည်းလာခဲ့ပါသည်။

ဆရာကြီး ဒေါက်တာညီညီအား ချီးကျူးခဲ့ကြပါသည်။ စာရေးသူ လေ့လာမိသလောက် တင်ပြရလျှင် လူထုလှုပ်ရှားမှုတွင် ကမ္ဘာတစ်ဝန်းလုံး၌ လုပ်အားခပေးချေရခြင်းများ မရှိခဲ့ပါ။ စေတနာ့ဝန်ထမ်းလုပ်ငန်းသည် အခမဲ့ဖြစ်ပါသည်။ ထိုစရိတ်သက်သာမှုကို ယူနီဆက်ဖ်အနေဖြင့် ဆေးဝါးထုတ်လုပ်ရာတွင် ပိုမိုသုံးစွဲနိုင်ခြင်း၊ လူထုလူတန်းစားအလွှာပေါင်းစုံ (အလုပ်သမား၊ လယ်သမား၊ စာပေ၊ ဂီတ၊ အနုပညာရှင်၊ တီဗွီ၊ သတင်းစာ၊ မီဒီယာသမားများ၊ အာဏာပိုင်အဖွဲ့အစည်းများ၊ စီးပွားရေးသမားများ၊ ဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ နိုင်ငံတော်၏တရားဝင်လက်နက်ကိုင်ကာကွယ်ရေးဝန်ထမ်းများ စသည်ဖြင့်) လှုံ့ဆော်မှု၊ စည်းရုံးမှုတို့ကြောင့် တစ်နှစ်အောက် ကလေးများ၏ မိဘများ ကျန်းမာရေးအသိ မြင့်မားလာကာ မိမိတို့၏ ကလေးများ အသက်ရှင်သန်ရေးအတွက် မဖြစ်မနေ ပါဝင်လာခြင်းတို့ကြောင့် ဖြစ်ပေသည်။

**ပညာရေးအဟောသိကံနှုန်း လျှော့ချရေးနှင့် မြန်မာ့စာတတ်မြောက်မှုနည်းလမ်း**

စာရေးသူသည် ကြေးမုံသတင်းစာတွင် (၂၂-၂၃-၈-၂၀၂၂) ရက်နေ့တွင် **“ပညာရေး ယိုပေါက်ကို ပြည်သူ့အားဖြင့် ပိတ်ပင်တားဆီးရေး”** ဟူသည့် ဆောင်းပါးရေးသား၍ ပါဝင်သင့်သည့် လူထုလူတန်းစားအသီးသီးကို လှုံ့ဆော်ခဲ့ပါသည်။ ထိုသို့ လှုံ့ဆော်နေရုံဖြင့်လည်း မပြီးသေးပါဟု မြင်မိပါသည်။ အထက်ဖော်ပြပါ အလွန်အောင်မြင်ခဲ့သည့် မြန်မာနိုင်ငံ၏ နိုင်ငံတကာစာတတ်မြောက်ရေး လှုပ်ရှားမှုကဲ့သို့ စေတနာ့ဝန်ထမ်း လူထုလှုပ်ရှားမှုအသွင်ဖြင့် **“ဘတ်ဂျက်မလို၊ ပြည်သူလူထု ပါဝင်မှုသာလိုသည်”** ဆိုသည့် အမြင်ဖြင့် စမ်းသပ်မြို့နယ်များ သတ်မှတ်၍ စတင်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကာလသို့ ရောက်ရှိနေပြီဟု မြင်မိပါသည်။

နိုင်ငံ၏ ဖွံ့ဖြိုးရေးအတွက် စိတ်အားထက်သန်သည့် ရုပ်ရှင်၊ ဂီတ၊ ဇာတ်သဘင်၊ အနုပညာရှင်ပေါင်းစုံ၊ မီဒီယာ အစုံအလင်၊ စေတနာရှင်ပြည်သူများ၊ လူထုလူတန်းစား အလွှာပေါင်းစုံပါဝင်ခဲ့လျှင် မြန်မာနိုင်ငံတွင် သာမက ကမ္ဘာတစ်လွှားတွင်လည်း အောင်မြင်ခဲ့သည့် အစဉ်အလာကောင်းကို ဆက်လက်ကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်သင့်နေပြီဖြစ်ပါသည်။ သို့မှသာ အခြေခံပညာ မပြီးဆုံးဘဲ အရွယ်မတိုင်မီ ကျောင်းထွက်ခဲ့ရသည့် ကျောင်းနေအရွယ် ၈၁ ရာခိုင်နှုန်းသည် ကျောင်းပြီးဆုံးသည်အထိ တက်ရောက်နိုင်လိမ့်ကြမည်မှာ မလွဲပါဟု ယုံကြည်မိပါသည်။

**ဂုဏ်ပြုပူဇော်အပ်ပါသည်**

ဤသည်မှာ **“ဘတ်ဂျက်မလို၊ ခွင့်ပြုချက်သာလိုသည့် မြန်မာ့စာတတ်မြောက်ရေး ခေတ်သစ်နည်းလမ်း”** သည် မြန်မာများအား **“စာမတတ်လျှင် အကန်းဘဝ”** မှ လွတ်မြောက်စေသည်သာမက တစ်နှစ်အောက် ကမ္ဘာ့ကလေးသူငယ်များ နှစ်စဉ်သန်းနှင့်ချီ၍ သေဆုံးမှုနှုန်း လျော့နည်းလာကာ ကျန်းမာကြံ့ခိုင် သန်စွမ်းစွာဖြင့် အသက်ရှင်ခွင့်ကြီးထွားခွင့်ရလာခဲ့ပေသည်။

မြန်မာ့စာတတ်မြောက်ရေး လုပ်ငန်းစဉ်သည် ယူနက်စကိုနှင့် ပူးပေါင်း၍ ယနေ့တိုင်အောင် ရှင်သန်လှုပ်ရှားနေဆဲဖြစ်သကဲ့သို့ ယူနီဆက်ဖ်ကလည်း လူထုပူးပေါင်းပါဝင်မှု နည်းလမ်းကို ဆက်လက် အသုံးပြုနေဆဲဖြစ်ပါသည်။

ဤသို့လျှင် **“မြန်မာ့အကန်းများ မရှိစေရန်”** တစ်နည်းအားဖြင့် **“ပညာအလင်း ဘဝဖြင့် အသက်ရှင်သူ မြန်မာများ”** ဖြစ်ထွန်းလာအောင် ကြိုးပမ်းခဲ့သည့် ကွယ်လွန်သူ မြန်မာ့ပညာရေး ပညာရှင် ဆရာကြီး ဦးသံဗျင်၊ ထိုကာလတွင် ဝိုင်းဝန်းဦးဆောင်ခဲ့ကြသည့် ဗိုလ်မှူးကြီး လှဟန်၊ ယနေ့ သက်တော်ရှည် မြန်မာ့ပညာရေး ပညာရှင် ဒေါက်တာသန်းဦး၊ ဆရာကြီး ဦးသောင်းထွန်း (ကွယ်လွန်)၊ မြို့နယ်ပေါင်း ၂၄၇ မြို့နယ်တွင် ပါဝင်လှုပ်ရှားအကောင်အထည်ဖော် ဆောင်ရွက်ပေးကြပါသော စေတနာ့ဝန်ထမ်းတက္ကသိုလ် ကောလိပ်များမှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ စေတနာရှင် မိဘပြည်သူများ၊ ဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ဆရာကြီး ဦးသံဗျင်၏ စေတနာ့ဝန်ထမ်း လူထုလှုပ်ရှားမှုနည်းလမ်းကို ဆက်လက်အသုံးပြုပြီး ကမ္ဘာ့ကလေးများ နှစ်စဉ်သန်းနှင့်ချီ၍ သေဆုံးမှုမှ ကင်းဝေးအောင် စွမ်းဆောင်ခဲ့ပြီး **“မြန်မာ့ ဦးသံဗျင်၏ နည်းလမ်း”** ကို ကမ္ဘာသို့ ဖြန့်ဝေပေးခဲ့သည့် ကွယ်လွန်သူ ဆရာကြီးဒေါက်တာညီညီနှင့် မြန်မာဘုန်းတော်ကြီးသင် ပညာရေးဖြင့် မြန်မာတို့အား စာပေတတ်မြောက်စေရေးနှင့် အခမဲ့ ပညာရေးကို ခေတ်သမိုင်းအဆက်ဆက် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြပြီး ယနေ့တိုင်လည်း ဆက်လက် သင်ကြားပေးနေကြပါသော ဗုဒ္ဓဘာသာ ရဟန်းသံဃာတော် အရှင်မြတ်များ၏ ကျေးဇူးဂုဏ်ကို ပူဇော်လျက် ရေးသားလိုက်ရပါသည်။ ။


**ကျမ်းကိုး**

(၁) ဒေါက်တာသန်းဦး (၂၀၁၇) ပညာရေး ဆောင်းပါးပေါင်းချုပ်

(၂) ဦးသောင်းထွန်း (၂၀၁၅) မြန်မာ့ပညာရှုခင်း (ဒုတိယအကြိမ်)

(၃) ဒေါက်တာညီညီ (၂၀၁၅) တက္ကသိုလ် ပြုပြင်ပြောင်းလဲရေး

(၄) Octennaial Report on Education in Burma (1956) Gov. Printing Press

(၅) ဦးဘသင် (၁၉၅၈) ယူနက်စကိုမစ်ရှင်အဖွဲ့၏ ၁၉၅၁ ခုနှစ် အစီရင်ခံစာ၊ အစိုးရပုံနှိပ်တိုက်

## တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိ သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်၌ တက်ရောက်ကုသနေသည့် သံဃာတော်များနှင့် ဒေသခံပြည်သူများကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ကေတုမတီမြို့သစ်ရှိ သီတဂူကေတုမတီ ဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံတော်၌ တက်ရောက်ကုသခံယူလျက်ရှိသော သံဃာတော်များနှင့် မျက်စိဝေဒနာရှင် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထိန်ဝင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ သီတဂူကေတုမတီဗုဒ္ဓတက္ကသိုလ် အာယုဒါနဆေးရုံသည် ရွှေကျင်သာသနာပိုင်၊ သီတဂူဗုဒ္ဓတက္ကသိုလ်များနှင့် ဆေးရုံတော်များ၏ အဓိပတိ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ ရွှေကျင်သာသနာပိုင် သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ တည်ထောင်တော်မူသည့် ဆေးရုံတော် ၄၇ ခု အနက် ၄၀ မြောက် အာယုဒါနဆေးရုံတော်ဖြစ်ပြီး မျက်စိဝေဒနာရှင်များကို စက်တင်ဘာ ၁၂ ရက်မှ ၂၂ ရက်အထိ တစ်နေ့လျှင် ၁၀၀ ဖြင့် မျက်စိအထူးကုဆရာဝန်ကြီးများ၊ ပါရဂူများ၊ ဆရာဝန်များ၊ တပ်မတော်သား ပါရဂူ၊ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများက မျက်စိစမ်းသပ်စစ်ဆေးပေးခြင်း၊ လေဆာပစ်ခြင်း၊ ခွဲစိတ်ကုသခြင်း၊ မျက်စိတိမ်များခြစ်ထုတ်ခြင်း၊ မျက်လုံးအစားထိုးကုသခြင်းများကို ကုသပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## ၂၀၂၂ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) သေနတ်ပစ်အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု သေနတ်ပစ်အားကစားအသင်းထံ အောင်နိုင်ရေးအလံပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၄**

၂၀၂၂ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) သေနတ်ပစ်အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု သေနတ်ပစ် အားကစားအသင်းထံ အောင်နိုင်ရေး အလံပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် နယ်မြေခံ သင်တန်းကျောင်း ရေဆင်းခန်းမ၌ ပြုလုပ်ရာ တိုင်းမှူးဗိုလ်ချုပ်ဇော်ဟိန်းနှင့် တာဝန်ရှိသူများ၊ တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုသေနတ်ပစ်အားကစားအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်နိုင်ရေး၊ စခန်းသွင်း လေ့ကျင့်ဆောင်ရွက်နေမှုအခြေအနေများနှင့် ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူသည်။ **(အပေါ်ပုံ)**

ယင်းနောက် တိုင်းမှူးက တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများနှင့် တာဝန်ရှိသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး နေ့လယ်စာ အတူတကွ သုံးဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လပွတ္တာခရိုင် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ စာပေစကားဝိုင်းကျင်းပ

**လပွတ္တာ စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတို့ ပူးပေါင်းကျင်းပသည့် စာပေစကားဝိုင်းကို ယနေ့နံနက်ပိုင်းက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်သူကိုကို၊ ကျောင်းအုပ်ဆရာမကြီးနှင့် သင်တန်းကျောင်းမှ ကျောင်းသူများပါဝင်၍ အထွေထွေသိမှတ်ဖွယ်ရာ လူငယ်အသိပညာပေး စာပေစကားဝိုင်းကို ဆွေးနွေးကျင်းပကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



**အိမ်ပြင်ပ၌ ထွန်းသောမီးများကို**
**နေ့အလင်းရောင်ရှိချိန်တွင်**
**ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များကို ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၄**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမနှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ နယ်မြေခံ တပ်ရင်းခန်းမတို့၌ ပြန်လည်ကြိုဆို လက်ခံခြင်း အခမ်းအနားကို ပြုလုပ်ရာ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။



ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်အတွင်းမှ PDF အဖွဲ့ဝင် အမျိုးသား ၁၄ ဦးနှင့် ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်နှင့် အုတ်ဖိုမြို့နယ်တို့မှ PDF အဖွဲ့ဝင် အမျိုးသားလေးဦးနှင့် အမျိုးသမီးနှစ်ဦးတို့ကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရေး သတ်မှတ် စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကယားပြည်နယ်အစိုးရက ဆောင်းနေကြာစိုက်တောင်သူများအား နေကြာမျိုးစေ့များ ထောက်ပံ့ပေးအပ်

**လွိုင်ကော် စက်တင်ဘာ ၁၄**

ကယားပြည်နယ်အစိုးရအဖွဲ့ကဦးစီး၍ ပြည်နယ်အတွင်းရှိ ဆောင်းနေကြာ စိုက်ပျိုးတောင်သူများအား နေကြာမျိုးစေ့များကို စက်တင်ဘာ ၁၂ ရက်က အခမဲ့ထောက်ပံ့ပေးအပ်ပြီး ယူရီးယား ဓာတ်မြေဩဇာများကိုလည်း သက်သာသောနှုန်းထားဖြင့် ထောက်ပံ့ပေးသည်။

လွိုင်ကော်မြို့ရှိ ကယားပြည်နယ်ခန်းမ၌ ပြုလုပ်သည့် ထောက်ပံ့ပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က ပြည်နယ်အတွင်း အဓိကသီးနှံများနှင့် ဆီထွက်သီးနှံဖြစ်သည့် နေကြာစိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်းကောင်းစေသည့် နည်းလမ်းများကို အသုံးပြုဆောင်ရွက်ရမည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုးက ပြည်သူ့အကျိုးနှင့် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့များက ပြည်သူနှင့်အတူ ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသန်းလှိုင်က နေကြာသီးနှံ စနစ်တကျ စိုက်ပျိုးခြင်း၊ နွေစပါးတစ်ဧက တင်း ၁၀၀ ထွက်ရှိရေး နည်းစနစ်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လွိုင်ကော်မြို့နယ်ရှိ မထောခူကျေးရွာ၊ လောခလေးကျေးရွာ၊ နွားလဝိုးကျေးရွာ၊ ဒီမော့ဆိုမြို့နယ်ရှိ နန်းမယ်ခုံကျေးရွာ၊ အိုကေကျေးရွာ၊ ဒေါဘူးကူးကျေးရွာ၊ မြလဲကျေးရွာ၊ ဆောင်ဒူရွာသစ်ကျေးရွာနှင့် ဖရူဆိုမြို့နယ် ထီးပေါ်ဆိုကျေးရွာအုပ်စုများရှိ ဆောင်းနေကြာစိုက်ဧက ၂၃၀၁ ဧကအတွက် နေကြာမျိုးစေ့များကိုတောင်သူများအား အခမဲ့ ထောက်ပံ့ပေးအပ်ကာ ယူရီးယားဓာတ်မြေဩဇာများကို သက်သာသောနှုန်းထားဖြင့် တောင်သူများထံလက်ဝယ်အရောက် ရောင်းချပေးခဲ့သည်။

ယင်းနောက် Good Brother's ကုမ္ပဏီလီမိတက်မှ တင်သွင်းထားသည့် နေကြာဆီကြိတ်စက်အပါအဝင် သီးနှံအခြောက်ခံစက်များနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် စိုက်ပျိုးရေးပြခန်းများ၊ နေကြာဆီကြိတ်စက် လက်တွေ့သရုပ်ပြဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

**ကိုဇင်(လွိုင်ကော်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၄ - ၉ - ၂၀၂၂

### ရွှေ

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၁၉၉၄၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၁၉၉၆၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၀၁ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၀၃ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

### စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၃၀၆၅ ကျပ် | ၃၁၁၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၃၁၅၀ ကျပ် | ၃၁၉၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၄၈၅ ကျပ် | ၂၅၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၅၇၅ ကျပ် | ၂၆၂၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၁၀၂ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၄၉၆ . ၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၇ . ၃၆၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၆၅ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၆၃ . ၈၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၁ . ၇၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၆ . ၄၄၂ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၉၀၀ | ၁၉၆၇ | ၁၇၃၅၂၉၀၀ |
| MTSH | ၃၂၅၀ | ၃၁၅၀ | ၅၇၇၅ | ၁၇၆၈၀၀၀၀ |
| MCB | ၇၂၀၀ | ၇၉၀၀ | ၂၄၇ | ၁၇၈၁၂၀၀ |
| FPB | ၁၉၀၀၀ | ၂၀၅၀၀ | ၉၇ | ၁၉၁၈၀၀၀ |
| TMH | ၂၆၅၀ | ၂၈၀၀ | ၂၃၅၈ | ၆၅၈၂၁၀၀ |
| EFR | ၂၆၅၀ | ၂၆၀၀ | ၁၀၁ | ၂၆၄၆၅၀ |
| AHP | ၄၉၀၀ | ၅၅၀၀ | ၄ | ၂၁၄၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီမွှေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့

စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၀၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၉-၂၀၂၂ ကြာသပတေးနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | ပေဋကသုတ်၊ ရတနသုတ်၊ မေတ္တာသုတ်အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | အရှေ့ဖျားဖိုရမ်မှသည် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများဆီသို့ |
| ၀၉:၄၅ | ပြုပြင်ရှုမြင်မြန်ပြည်တစ်ခွင် |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၁:၄၅ | ကြိုးစားဖွေရှာပညာကမ္ဘာ |
| ၁၂:၃၀ | MRTV National News |
| ၁၆:၃၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၁၇:၁၅ | Soccer View |
| ၁၇:၃၀ | လူမှုစီးပွားမြင်ကွင်းများ |
| ၁၇:၅၀ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၀ | '၃၀' ဖြာမင်္ဂလာ(ဦးနန်းဝင်းရေးသားပူဇော်တင်ဆက်သည်) '**အနုဝဏ္ဏနီ ကဗ္ဗာန**' |
| ၁၉:၀၀ | မြန်မာဇာတ်လမ်းတွဲ '**အချစ်ရဲ့အိပ်မက်တန်ဖိုး**' (အပိုင်း-၁၇) |
| ၁၉:၄၀ | အရှေ့ဖျားစီးပွားရေးဖိုရမ်မှသည်ပန်းတိုင်ဆီသို့ |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၂၁:၁၅ | (၁၆)ကြိမ်မြောက် ဆိုကရေးတီးပြိုင်ပွဲ '**ဘူရိဒတ်ဇာတ်တော်ကြီး**' (ဒုတိယဆု) (စစ်ကိုင်းတိုင်းဒေသကြီး) (ဒုတိယပိုင်း) |
| ၂၂:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ '**အချစ်ဆိုသည်မှာ**' (အပိုင်း-၂၆) |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Than ThayarKayeeThel (EiEi Chon) |
| 07:07 | AtuladhipatiMahamunisaccaKoeHtatKyee Pagoda |
| 07:24 | Enchanting Myeik |
| 07:40 | Irrawaddy Dolphin (Part-1) |
| 08:01 | News |
| 08:27 | Topical Science Topic: Beauty of Marine Life |
| 08:50 | Myanmar Masterclass: Artist Maung Aye |
| 09:01 | Sons of the Lake |
| 09:24 | Products of Myanmar - Shin Ma TaungThanakhar |
| 09:40 | Let's Taste Delicious Insects: Cricket Samosas, Pounded Crickets and Potato |
| 10:27 | Dragon Boats And Traditional Customs In Tanintharyi |

### MRTV NRC

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၅)

**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၉)

**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း-၁)

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ဒီရေတောနှင့်ရှင်သန်သူ

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၄)

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
တိုင်းလုံ ရှမ်းကြီးတိုင်းရင်းသားတို့၏ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံ

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ငါးပေါင်းပြုလုပ်နည်း

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
စာနာစိတ်ကလေးထားစေချင် (ဇာတ်လမ်းတို)

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
တောင်ပေါ်ဒေသတို့လက်ရာ (ကြက်သားဘူးချဉ်ဟင်း)

**စကောကရင် (၂၁:၀၀ မှ ၂၂:၀၀)**
နှလုံးရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ရှင်သန်နေမယ့်မနက်ဖြန်များ

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၄:၁၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရုရှားဖက်ဒရေးရှင်းနိုင်ငံခရီးစဉ်မှတ်တမ်း |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ |
| ၁၇:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**အဝယ်မလောနဲ့**' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၇) |
| ၁၁:၀၀ | ရွေးချယ်တင်မြှောက်ပုံစနစ် (အပိုင်း-၃) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၇) |

### MRTV FARMERS'

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၂၀ | သုတေသနမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီ |
| ၀၇:၂၀ | အသားတိုးကြက်မွေးမြူရေးမှသည် ကျေးလက်ပြည်သူများဝင်ငွေတိုးပွားရေးဆီသို့ |
| ၀၈:၄၀ | စပ်မျိုးစပါးနှင့်တို့တောင်သူ |
| ၀၉:၄၀ | သစ္စာမွေးစိုက်ခြင်းအကျိုး ပြည်ပဝင်ငွေတိုး |
| ၀၉:၄၅ | သဘာဝဝန်းကျင်မပျက် စိုက်ပျိုးရေး |

### MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/Weekly Sports Info Sports Diary/Weekly MNL Review |
| ၀၇:၄၅ | အားကစားလောကထဲကသူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**ဇမ္ဗူသီရိ စက်တင်ဘာ ၁၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က နေပြည်တော် ကောင်စီရုံး အစည်းအဝေးခန်းမ (၁) ၌ ကျင်းပသည်။



ရှေးဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် (၁) ဗိုလ်မှူးကြီး မင်းနောင်က နေပြည်တော်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အတွက် ဆောင်ရွက်ထားမှုများကို တက်ရောက်လာသည့် ဌာနဆိုင်ရာများအနေဖြင့် တင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ အေးအေးမာက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ လက်ရှိဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးဇေယျာလင်း၊ ရဲမှူးကြီး ကိုကိုလွင်၊ နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးလှိုင်စိုးသန့်နှင့် တက်ရောက် လာကြသူများက Mask Campaign အား ဈေးများ၊ စာသင်ကျောင်းများနှင့် အခြားလူစည်ကားရာ နေရာများ၌ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လူစုလူဝေးဖြစ်ပေါ်နိုင်သည်ဟု သတ်မှတ်ထားသည့် နေရာများတွင် ကျန်းမာရေး ဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော SOP များနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေး စစ်ဆေးကြပ်မတ်လျက်ရှိသည့် အခြေအနေများ၊ ကုသရေး၊ ဆေးရုံ၊ Positive Center၊ ကုသရေးစင်တာ၊ Quarantine Center များ ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ နေပြည်တော်အတွင်း လက်ရှိ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသည့် အခြေအနေများကို တင်ပြရာ နေပြည်တော်ကောင်စီအဖွဲ့ဝင် (၁) ဗိုလ်မှူးကြီး မင်းနောင်က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်း ပြောကြားကြောင်း သိရသည်။

မြို့နယ်

(ပြန်/ဆက်)

# ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၅၀ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၅၀ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း



မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၂ ရက် ညနေ ၄ နာရီခွဲတွင် ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် မယ်ဟုတ် (ရွာသစ်) ကျေးရွာအနီးတွင် မယ်ယန်းကျေးရွာမှ မယ်ဟုတ်(ရွာသစ်)ဘက်သို့ စိုင်းဆိုင်လူမောင်းနှင်လာသည့် Mark-II မော်တော်ယာဉ်ကို သတင်းအရ စစ်ဆေးရန်ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးပြီး လမ်းဘေးခြံစည်းရိုးအုတ်တံတိုင်းကိုတိုက်မိ၍ ရပ်တန့်သွားသဖြင့် ထိန်းသိမ်းစစ်ဆေးရာဖွေရာ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၄၀၀၀ တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၅၀ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# သန်လျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**သန်လျင် စက်တင်ဘာ ၁၄**

သန်လျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများအား Cash For Work (CFW) စီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း စီမံကိန်းတို့ဖြင့် ကျေးရွာများတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် (CFW) စီမံကိန်းဖြင့် ဒေးဇတ်ကျေးရွာ၌ မြေသားရေကန်ခြေဆင်းပြုပြင်ခြင်း၊ ကန်ပေါင်မျက်နှာပြင်ညှိခြင်း၊ ခြံစည်းရိုးအောက်ခြေလွတ်နေရာများ မြေဖြည့်ခြင်း၊ သဲအိတ်ပေါင်ကပ်ခြင်း၊ ကွန်ကရစ်လမ်းဘေး ဝဲယာလမ်းပခုံးမြေကြီးကပ်ခြင်း၊ ဝါးကပ်တုတ်ရိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်းဖြင့် ကံကြီးစုကျေးရွာ၌ ကွန်ကရစ်လမ်းချဲ့ခြင်း၊ သာယာကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း၊ သနပ္ပင်ကျေးရွာ ရွာတွင်းလမ်းဘေးဝဲယာ ကွန်ကရစ်လမ်းတိုးချဲ့ခြင်း၊ ထော်သွန်ကျေးရွာ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာသို့ စက်တင်ဘာ ၁၃ ရက်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မြတ်မော်၊ ဦးစီးအရာရှိ (နည်းပညာ) ဒေါ်ဥမ္မာခိုင်နှင့် ဝန်ထမ်းများက ကွင်းဆင်းကြည့်ရှု၍ **(အောက်ပုံ)** သက်ဆိုင်ရာ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံပြီး လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့် အချိန်မီပြီးစီးရေး ညှိနှိုင်းပေါင်းစပ်ပေးကြောင်း သိရသည်။

**သန်းဝင်း (သန်လျင်)**



# တောင်ငူတက္ကသိုလ်၌ ဥပဒေဆိုင်ရာ အသိပညာပေးဟောပြော

**တောင်ငူ စက်တင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ရဲတပ်ဖွဲ့က ကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုအန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၃ ရက်က တောင်ငူတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲသို့ တောင်ငူတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ မြညွန့်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ပြီး တောင်ငူယာဉ်ထိန်းတပ်ဖွဲ့စုမှ ဒုရဲမှူး စိုးမင်းအောင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်၍ လည်းကောင်း၊ ခေတ္တဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူး တင်ဦးက မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဆိုးကျိုးများကို လည်းကောင်း၊ ဒုရဲမှူး ကိုကိုနိုင်က လူကုန်ကူးမှုတားဆီးကာကွယ်နှိမ်နင်းရေးနှင့်ပတ်သက်၍ လည်းကောင်း၊ ဒုတိယဥပဒေအရာရှိ ဒေါ်ဇာခြည်လင်းက ရာဇဝတ်မှုဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း ရှင်းလင်းဟောပြောသည်။

ကိုလွင်(ဆွာ)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် အိုးဘိုကျေးရွာနေ နန္ဒဇော်ထိုက်ဝင်းသည် ၎င်းအသုံးပြုသည့် “Nanda Zaw Htike Win” Facebook အကောင့်၊ ညောင်ဦးမြို့နယ် အမှတ်(၄)ရပ်ကွက်နေ ပြည့်ဖြိုးကျော်(ခ)ဆိတ်ထွားသည် ၎င်းအသုံးပြုသည့် “Pyai Phyo Kyaw” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သာယာကုန်းရှမ်းကျေးရွာနေ နေလင်းသည် ၎င်းအသုံးပြုသည့် “Nay Linn” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပတ်စ်ပို့ပျောက်

ကျွန်မ မသူဇာဝင်း ၅/တမန(နိုင်) ၀၇၀၂၉၇ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၉၀၄၁၇၈၈

## အမည်မှန်

ဦးမနားယောနသန်၏ သမီး မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်၊ ထွယ်ဆန်၊ အမှတ်(၁၃၉)နေ မ-မနားရေဘက္ကာဂင်း၏ အမည်မှန်မှာ မရေဘက္ခဂင်း ဖြစ်ပါသည်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဇော်ကြီးလှိုင် (ဘ) ဦးမောင်ဆန်းမြင့် ၁၁/မဥန(နိုင်) ၀၉၇၁၁၇ CDC No. 101561 သည် Marine Engineering officer Class III စာမေးပွဲကို ၂၀၁၈ ခုနှစ်တွင် Certificate No. ME008318 ဖြင့် ဖြေဆိုအောင်မြင်ခဲ့ပါသည်။ ထိုအောင်စာရင်းလက်မှတ် Result Sheet မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၄၅၂၈၁၁

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၀ယ/၉၀၅၂ ယာဉ်လက်ဝယ်ရှိသူ ဦးဝေယံလင်း ၁၀/ခဆန(နိုင်) ၁၂၉၅၁၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
မော်လမြိုင်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၈၂၉၇ ယာဉ်လက်ဝယ်ရှိသူ ဦးဖွဲ့သက်ပိုင်စိုး ၁၀/မဒန(နိုင်)၂၂၅၀၅၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
မော်လမြိုင်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၇၆၅၂၃ ယာဉ်လက်ဝယ်ရှိသူ ဦးရန်ပိုင်ဝင်း ၁၀/မလမ(နိုင်)၂၂၆၇၇၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
မော်လမြိုင်မြို့

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

